# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၈၃)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြည်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား မြရောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် မူဝါဒနှင့်အညီ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများ မျက်ခြည်မပြတ်လေ့လာ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၁

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြည်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား မြရောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေသည် အစဉ်အလာရှိသည့် *စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံသားများ၏ ခံယူချက် မျှော်လင့်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန် ဆောင်းပါး စာ - ၈

အီဂျစ်နှင့် ရုရှားနိုင်ငံတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ကတိပြု နိုင်ငံတကာသတင်း စာ - ၁၄

❏ *ရှေ့ဖုံးမှ*

နယ်မြေတစ်ခုဖြစ်ပြီး ယခင်ကတည်းက KNU သောင်းကျန်းမှုများ၊ ဗကပ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရကြောင်း၊ နောက်ပိုင်းတွင် နယ်မြေအခြေအနေများ ငြိမ်သက်လာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် တပ်မတော်မှ နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်တွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများမှ အကြမ်းဖက်မှုများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ခဲ့ရကြောင်း။

**အမြဲလေ့ကျင့်**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် "အမြဲတိုက်ပွဲဝင်အသင့်" ( Fit for Fight ) ဖြစ်နေရန်လိုကြောင်း၊ ထိုသို့ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေရန်အတွက် တပ်မတော်သား တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ထို့ကြောင့် နေ့စဉ်ဆောင်ရွက်ရမည့် ကြံ့ခိုင်ရေးလုပ်ငန်းများကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အသက်အရွယ်နှင့် ကိုက်ညီပြီး ကျန်းမာကြံ့ခိုင်သည့် ခန္ဓာကိုယ်အချိုးအစားဖြစ်အောင် နေထိုင်စားသောက်ပြီး တစ်ကိုယ်ရေကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်နေမှသာ မိမိတို့ထမ်းဆောင်ရမည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ သွားလာနေထိုင်မှုများတွင်လည်း **"သွားသတိ၊ လာသတိ"** ဖြင့် သွားလာနေထိုင်ကြမည်ဆိုပါက ကျရောက်လာမည့် အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ သတိဟူသည်မှာ ပိုသည်မရှိကြောင်း။

**အောင်မြင်စွာတိုက်ခိုက်**

တိုက်ပွဲဝင်ရာတွင် ရဲစွမ်းသတ္တိရှိရန်လိုကြောင်း၊ တိုက်ပွဲများတွင် ရဲစွမ်းသတ္တိရှိရှိဖြင့် သင်ကြားတတ်မြောက်ထားသည့် စစ်ပညာရပ်များကို လက်တွေ့စစ်မြေပြင်တွင် အသုံးချပြီး အောင်မြင်စွာတိုက်ခိုက်နိုင်ရန်လိုကြောင်း၊ ရဲစွမ်းသတ္တိဆိုသည်မှာ မိုက်ရူးရဲဆန်စွာ လုပ်ဆောင်ခြင်းမဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ရဲကိုင်ရဲသည့် စိတ်ဓာတ်ဖြင့် သတ္တိရှိရှိ လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း တာဝန်များကို သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းနေအောင် လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ထိရောက်သောပစ်ခတ်မှုများ ဖြစ်ရန်အတွက် မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လိုကြောင်း။




**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။**

**လိုက်နာကျင့်သုံး**

သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရေး အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် မူဝါဒနှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အမြဲလိုက်နာ ကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေစေရေး မိမိတို့နေ့စဉ် ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ သင်ကြားပေးထားသည့် စစ်အတတ်ပညာများအား ပြန်လည်လေ့ကျင့်ခြင်းနှင့် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေခြင်းသည် အမြဲလေ့ကျင့်နေခြင်းပင် ဖြစ်ကြောင်း။

**တတ်နိုင်သမျှရှောင်ရှား**

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်မတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့တစ်ဦးချင်း၏ ဝင်ငွေနှင့်ထွက်ငွေကို ညီညွတ်မျှတစွာ သုံးစွဲကြရန်လိုကြောင်း၊ အရက်၊ ကွမ်း၊ ဆေးလိပ်စသည့် အသောက်အစားများနှင့် အပျော်အပါးများကို တတ်နိုင်သမျှရှောင်ရှားကြရန်လိုပြီး မိမိကိုယ်ကို ထိန်းသိမ်းကြရန်လိုကြောင်း၊ တပ်မတော်သားများသည် အသက်နှင့်ရင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တာဝန်ထမ်းဆောင်ကြရခြင်းဖြစ်သဖြင့် မိမိတို့၏ ဘဝကို တန်ဖိုးထားကြရန်လိုကြောင်း။

**ဖြည့်ဆည်းပေးလျက်ရှိ**

လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် အမြဲဆောင်ရွက်နေကြကြောင်း၊ ကြိုးစားအားထုတ်မှု ကောင်းမွန်သည့်သူများသည် ဘဝတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်ကြကြောင်း၊ ထို့ကြောင့် မိမိတို့ဘဝတိုးတက်ရေးအတွက် မိမိကိုယ်ကို စောင့်ထိန်းပြီး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများ၏ လစာနှင့်စရိတ်များ၊ ရိက္ခာများ ပြည့်ပြည့်ဝဝ ရရှိစေရေး၊ အဆင့်အတန်းမီစွာဖြင့် ဝတ်စားဆင်ယင် နေထိုင်နိုင်ရေးတို့ကို တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးနှင့်ပတ်သက်၍ **"အသိပညာသည် လူကောင်းဖြစ်စေပြီး အတတ်ပညာသည် လူတော်ဖြစ်စေ"** ကြောင်း၊ **အသိပညာတိုးတက်ရန်အတွက် အတန်းပညာရှိရန်**လိုကြောင်း၊ **အသိပညာ၊ အတတ်ပညာ၊ အတန်းပညာမြင့်မားစေရေး ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ပညာရေးသည် လူတစ်ဦးချင်း၏ ဘဝကို မြင့်မားစေကြောင်း၊ ထို့ကြောင့် ဗဟုသုတအတွေးအခေါ်များရရှိစေမည့် စာအုပ်စာပေများကို အမြဲလေ့လာဖတ်ရှုနေရန် လိုကြောင်း၊ အလားတူ မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ဖတ်ရှုစေရေးအတွက်လည်း အမြဲတိုက်တွန်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ ဘဝထက်သာလွန်သည့် ဘဝများရရှိစေရေး မိမိတို့၏ သားသမီးများကို မြေတောင်မြှောက်ပေးကြစေလိုကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ချီးမြှင့်မှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တစ်သားတည်းနေထိုင်**

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်း ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန်**လိုကြောင်း၊ မိမိတို့တွေ့ကြုံရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ မိမိကိုယ်ကိုသော်လည်းကောင်း၊ မိမိတို့တပ်မတော်ကိုလည်းကောင်း၊ မိမိတို့နိုင်ငံတော်အတွက်လည်းကောင်း ကောင်းမွန်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

*စာမျက်နှာ ၄ သို့*



**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ပြည်သူ့စစ်မှုထမ်းများအား ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားစဉ်။**

❖ **အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေစေရေး မိမိတို့နေ့စဉ် ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လို၊ သင်ကြားပေးထားသည့် စစ်အတတ်ပညာများအား ပြန်လည်လေ့ကျင့်ခြင်းနှင့် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေခြင်းသည် အမြဲလေ့ကျင့်နေခြင်းပင်ဖြစ်**

❖ **တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်၊ တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များအား ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

- **နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာရေးဝန်ထမ်းလိုအပ်ချက်များ စသည်တို့ကို နည်းလမ်းမျိုးစုံဖြင့် ကျော်လွှားခဲ့ရ**
- **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းကြရန်လိုပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင်ကြရန်လို**

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းရှင်များနှင့် ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) *စာမျက်နှာ ၅ သို့*

---

*စာမျက်နှာ ၃ မှ*

မကြာမီကာလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာစောင့်ထိန်းနိုင်သူ၊ ဒေသနှင့် နိုင်ငံအကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သူ၊ တပ်မတော်နှင့် လက်တွဲ၍ နိုင်ငံ့အကျိုးကို အမှန်တကယ် သယ်ပိုးဆောင်ရွက်နိုင်သူများကို ရွေးချယ်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မိမိတို့ အနေဖြင့် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် ပေါ်ပေါက်လာမည့်အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေ၊ ရောဂါကုသ ပျောက်ကင်းမှု အခြေအနေကို တစ်ဦးချင်းလိုက်လံ တွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း အမျိုးသမီးကုသဆောင်တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်ချက်များအား အသီးသီးတင်ပြ**

ဦးစွာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်မြို့သာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး ဇုန်အလိုက်သတ်မှတ်၍ မွေးမြူဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိမှု၊ ခရိုင်အတွင်းပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိမှု၊ မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းလမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေး နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်ခရိုင်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် ဥယျာဉ်ခြံမြေသီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှု၊ ဆီထွက်သီးနှံ နှမ်းအား ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်ခရိုင်အတွင်း ဒေသဝမ်းစာဖူလုံမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း စိုက်ပျိုးရေတိုးတက်လွှမ်းခြုံဖြန့်ဝေပေးဝေနိုင်မှု၊ ပြည်ပပို့ကုန် ဈေးကွက်သစ်ရရှိရေးအတွက် ပေါ်ဆန်းမွှေးမျိုးစပါးအား စမ်းသပ်စိုက်ပျိုးလျက်ရှိမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိမှုနှင့် ဆီဖူလုံမှု၊ ခရိုင်အတွင်း အသား၊ ဥ၊ နို့ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ဖူလုံမှု၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါးထုတ်လုပ်မှုနှင့် ဖူလုံမှု၊ တိုင်းဒေသကြီးအတွင်း လိုအပ်ချက်ရှိသည့်နေရာများ၌ ပညာရေးဝန်ထမ်းများ ဖြည့်တင်းခန့်အပ်ပေးစေလိုမှုတို့နှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မိမြို့ဖများက နိုင်ငံတော်အနေဖြင့် ပြည်မြို့ကမ်းနားလမ်းတစ်လျှောက်အား အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိမှု၊ ပြည်မြို့ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးစေလိုမှု၊ ရထားခရီးစဉ်ပြေးဆွဲမှုအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ချေးငွေများ ထပ်မံချထားပေးစေလိုမှု၊ ပြည်မြို့အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးစေလိုမှု၊ ပြည်တွင်းဆီစက်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်၍လည်း ဈေးကွက်ဝေစုပိုမိုရရှိရေး၊ လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့်မူဝါဒများကို ဆက်လက်လမ်းညွှန်ပေးစေလိုမှု၊ ပြည်တွင်းခရီးသွားလာမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အများသုံး သန့်စင်ခန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် လယ်ယာသုံးထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်။

**တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည် ဆွေးနွေးပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင် တို့က ဝန်ကြီးဌာနများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိမှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ်မှစ၍ ယခုနှစ်အထိ နှစ်အလိုက် အမှုအခင်းများ ဖြစ်ပွားမှုနှင့် တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာသည်ကို တွေ့ရှိရမှု၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုမှ ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်သွားရန်လိုအပ်မှု၊ မကြာမီကျင်းပပြုလုပ်သွားမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို အင်ပြည့်အားပြည့် ဆောင်ရွက်သွားနိုင်ရေး စီမံထားရှိမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူကို ဗဟိုပြုသည့် လုံခြုံရေးစနစ်ဖြစ်သဖြင့် ပြည်သူလူထုတစ်ရပ်လုံးမှလည်း လုံခြုံရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည့် ပူးပေါင်းပါဝင်မှုများကို ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုမှု၊ သရေခေတ္တရာရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအတွင်း စနစ်တကျဖြစ်စေရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရေး၊ ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ မြို့ဟောင်းကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နယ်မြေ၊ ကျုံးများ ပြန်လည်တူးဖော်ရန် ဆောင်ရွက်လျက်ရှိမှု၊ ဆီစက်လုပ်ငန်းများမှ ထွက်ရှိလာသည့် ကြိတ်ဖက်များသည် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှ တိရစ္ဆာန်အစာများ တင်သွင်းနေမှုကို လျှော့ချနိုင်မှု၊ ဆီစက်လုပ်ငန်းများအဆင့်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် ငွေကြေးများအား နိုင်ငံတော်မှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှု၊ ပြည်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဆက်လက်တူးဖော်ထွက်ရှိနိုင်မှု၊ ပြည်ရေနံမြေမှ ရေနံထုတ်လုပ်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မှုနှင့် ပြည်တောင်တန်းရေနံမြေမှ သဘာဝဓာတ်ငွေ့များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်လျက်ရှိမှု၊ ပြည်ဒေသတွင် နိုင်ငံအတွက် စွမ်းအင်အရင်းအမြစ် အဆောက်အအုံများရှိမှု၊ အခြေခံအရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုမှုတို့နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးအဆင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်သို့ တင်ပြဆောင်ရွက်သွားရန်လိုသည်များကို ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ဆွေးနွေးပြောကြား**

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိတို့စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ပညာရေးဝန်ထမ်းအများစုသည် လုပ်ငန်းခွင်စွန့်ခွာမှုများကို သစ္စာမဲ့စွာဖြင့် လုပ်ဆောင်ခဲ့ကြသောကြောင့် နိုင်ငံအတွင်း ပညာရေးဝန်ထမ်းများ လိုအပ်ချက်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အချို့ ပညာရေးဝန်ထမ်းများအနေဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခံရမှု၊ ဖိအားပေးခံရမှု၊ နိုင်ငံရေးဝါဒမှိုင်း ရိုက်ခတ်မှုတို့ကြောင့် လုပ်ငန်းခွင်စွန့်ခွာခဲ့ရမှုများရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ထိုသို့စွန့်ခွာခဲ့ရသူများအား အခွင့်အရေးပေးသည့်အနေဖြင့် ပြန်လည်သတင်းပို့သူများကို လုပ်ငန်းခွင်စွန့်ခွာသူများ စာရင်းမှ ပယ်ဖျက်ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်၍ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်စွန့်ခွာမှုများကို ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများက အများဆုံးလုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပေါ်နေမှု အခက်အခဲ အကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာရေးဝန်ထမ်းလိုအပ်ချက်များ စသည်တို့ကို နည်းလမ်းမျိုးစုံဖြင့် ကျော်လွှားခဲ့ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းကြရန်လိုပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင်ကြရန်လိုကြောင်း၊ တင်ပြချက်များတွင်ပါဝင်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့်လည်း အင်တိုက်အားတိုက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ရှိသည့် အဖွဲ့အစည်းများအပြင် ပြည်သူလူထုတစ်ရပ်လုံးမှလည်း ဝိုင်းဝန်းပါဝင်မှသာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အများသုံးသန့်စင်ခန်းများ အဆင့်မြှင့်တင်ရေးနှင့် သန့်ရှင်းမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးစေလိုမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ထမ်းများအပြင် စည်းနှင့်ကမ်းနှင့် သုံးစွဲတတ်သည့်၊ နေထိုင်သွားလာတတ်သည့် *စာမျက်နှာ ၆ သို့*

**❍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလည်း အားပေးဆောင်ရွက်လျက်ရှိ၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများ များလာခြင်း၊ Non-Trade Income များရရှိလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချရခြင်း၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုလည်ပတ်လာစေခြင်းတို့ကိုလည်း ဖြစ်ပေါ် လာစေမည်ဖြစ်၊ ထိုမှတစ်ဆင့် ဒေသနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာစေမည်**

*စာမျက်နှာ ၅ မှ*

လူ့ဘောင်အဖွဲ့အစည်းနှင့် လူ့အသိုက်အဝန်းများဖြစ်ရန်လည်းလိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများကတည်းကပင် အခြေခံစည်းကမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကပင်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး စည်းကမ်းကောင်းမွန်ရေးအတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြမှသာလျှင် စည်းကမ်းစနစ်တကျရှိပြီး သန့်ရှင်းသာယာလှပသည့် ဒေသ၊ မြို့တော်နှင့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။


**ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့်ပတ်သက်၍ ခရီးသွားကဏ္ဍတွင် တည်းခိုရေး၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှု၊ လက်ဆောင်ပစ္စည်းများရောင်းချခြင်း စသည်တို့ပါဝင်နေကြောင်း၊ ပြည်တွင်းခရီးသွားလာမှုတွင် ဘုရားဖူးခရီးသွားခြင်းသည် အများဆုံးဖြစ်ကြောင်း၊ မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရန်လိုကြောင်း၊ မိမိတို့ဒေသသို့ လာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် ဒေသ၏ အထင်ကရနေရာများ၊ ဒေသ၏ သာယာလှပမှုများကို ခံစားလည်ပတ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် တစ်ဦးချင်း၊ တစ်အိမ်ချင်းသန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန် ဆောင်ရွက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အအုံများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် ဒေသသာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့တွင်းရေစီးရေလာများကောင်းမွန်စေရေးအတွက်လည်း အမှိုက်များကင်းစင်အောင် ဆောင်ရွက်သကဲ့သို့ ဒေသသာယာလှပရေးအတွက်မည်ကဲ့သို့ ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသခံများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြစ်ရန်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများအတိုင်း လိုက်နာနေထိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို လိုက်နာမှုမရှိဘဲ ကျော်လွန်လုပ်ဆောင်ခဲ့မှုများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကန့်သတ်ချက်များ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများ များလာခြင်း၊ Non-Trade Income များရရှိလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချရခြင်း၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုလည်ပတ်လာစေခြင်းတို့ကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဒေသနှင့်နိုင်ငံတော်၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

# ဖူးမြော်ကြည်ညို

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သရေခေတ္တရာ မြို့ဟောင်း၏ အနောက်တောင်ဘက်ရှိ ဒွတ္တဘောင်မင်းကြီးတည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် အထင်ကရစေတီတစ်ဆူဖြစ်သည့် ဘောဘောကြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။





❖ **ရှေးဟောင်းအမွေအနှစ်လက်ရာများ၊ ဘုရား၊ စေတီများ၊ အဆောက်အအုံများသည် တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်**

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးအားကို မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ဆိုသည့်အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုပြီး ပြည်တွင်းမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးအား ကောင်းမွန်လာစေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ခေတ်အဆက်ဆက်အစိုးရများအနေဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များ အများအပြား ချမှတ်ဆောင်ရွက်ခဲ့ကြပြီး အောင်မြင်သည်များရှိခဲ့သကဲ့သို့ မျှော်မှန်းသည့်အတိုင်းဖြစ်မလာခဲ့သည်များလည်းရှိကြောင်း၊ ထို့ပြင် ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံရေးစနစ်များ၌ အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာမှုများ၊ သယံဇာတများ ခိုးထုတ်ခံရမှုများ၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းမှုများလည်း ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်များလည်းရှိခဲ့ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တစ်ဧကပန်းတိုင် ရည်မှန်းချက်ပြည့်မီစွာထွက်ရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေကြသူများကို မြေပြင်ကွင်းဆင်း၍ လိုအပ်ချက်များ သုတေသနပြုမေးမြန်းခဲ့ပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစွာ ဆောင်ရွက်နိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေး

*စာမျက်နှာ ၇ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်ရှိ ဒွတ္တဘောင်မင်းကြီးတည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် အထင်ကရစေတီတစ်ဆူဖြစ်သည့် ဘောဘောကြီးစေတီတော်ကြီး ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှုအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်မြို့ မော်ဇာကျေးရွာအုပ်စု သရေခေတ္တရာ ပျူမြို့ဟောင်း အတွင်းရှိ မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် လက်သည်းရေကန်ကျောင်းတိုက်(ခ)သုံးပန်လှ ကျောင်းဝင်းအတွင်းရှိ နှစ်ထပ်အုတ်တိုက်အား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၆ မှ*

အားကောင်းလာမည်ဖြစ်သကဲ့သို့ သွင်းကုန်ပစ္စည်းများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေ များစွာသုံးစွဲနေရကြောင်း၊ ပြည်ခရိုင်အတွင်း စားသုံးဆီဖူလုံမှုမှာ ၅၀၀ ရာခိုင်နှုန်းခန့် ရှိသည်ဟု သိရှိရပြီး ဆီထွက်သီးနှံများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ပြည်ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပစ္စည်းအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်သကဲ့သို့ ထုပ်ပိုးမှုစနစ်များကိုလည်း အဆင့်မီစွာဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်တွင်း MSME လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်များဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများရှိပြီး ဝါများမှ တစ်ဆင့် အရည်အသွေးပြည့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် MSME လုပ်ငန်းများကိုဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ခရိုင်အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဒေသတွင်းဖူလုံမှုမှ ပိုလျှံသည်များကို ရန်ကုန်တိုင်းဒေသကြီးသို့ တင်ပို့ရောင်းချနိုင်ကြောင်း။

**လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး**

မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် မဲမသမာမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း နိုင်ငံနှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာဆောင်ရွက်နိုင်သူ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်ရှိသူ၊ နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်သည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း၊ သို့ဖြစ်၍ ဆန္ဒမဲများပေးရာတွင် လူရွေးချယ်မှု မှန်ကန်ရန်လိုပြီး နိုင်ငံတော်မှ လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်ပါက မဲစာရင်းတွင်ပါဝင်သူများအားလုံး ဆန္ဒမဲပေးကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ လယ်ယာသုံးထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်ရှိ ဒွတ္တဘောင်မင်းကြီးတည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် အထင်ကရစေတီတစ်ဆူဖြစ်သည့် ဘောဘောကြီးစေတီသို့ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက စေတီတော်ကြီးအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရှေးဟောင်းအမွေအနှစ်လက်ရာများ၊ ဘုရား၊ စေတီများ၊ အဆောက်အအုံများသည် တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး စနစ်တကျထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း၊ စေတီတော်ကြီးလုံးပတ်တော်ပေါ်၌ သစ်ပင်ငယ်များပေါက်ရောက်နေခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် စဉ်ဆက်မပြတ် ဖယ်ရှားရှင်းလင်းသွားရန်လိုကြောင်း၊ စေတီတော်ပရိဝုဏ်နှင့်အနီးတစ်ဝိုက်တွင် ချုံနွယ်များအား ရှင်းလင်းခြင်း၊ သစ်ပင်ကြီးများအား အောက်ခြေရှင်း အလင်းဖွင့်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။

ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပြည်မြို့ မော်ဇာကျေးရွာအုပ်စု သရေခေတ္တရာ ပျူမြို့ဟောင်းအတွင်းရှိ မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် လက်သည်းရေကန်ကျောင်းတိုက်(ခ)သုံးပန်လှ ကျောင်းဝင်းအတွင်းရှိ နှစ်ထပ်အုတ်တိုက်အား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံသားများ၏ ခံယူချက် မျှော်လင့်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်

၂၀၂၅ ခုနှစ်အကုန်၊ ၂၀၂၆ ခုနှစ်ဆန်း ကာလအပိုင်းအခြားတစ်ခုကား နိုင်ငံအတွက် အလွန်အရေးကြီးသော ကာလတစ်ခု၊ ပြည်သူများအတွက် မလွဲမသွေ ဖြတ်ကျော်ရမည့် အချိုးအကွေ့တစ်ခုဖြစ်နေသည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို အပိုင်းသုံးပိုင်းဖြင့် ကျင်းပမည်ဖြစ်ရာ ပြည်သူများကလည်း နိုင်ငံသားတာဝန်ကျေပွန်စွာ မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်များ၊ ပါတီများကို မဲပေးရွေးချယ်ကြတော့မည်ဖြစ်ပါသည်။

မိုးကေနိုင်

လွှတ်တော် ကိုယ်စားလှယ်လောင်းများကလည်း မဲပေးရွေးချယ်ခံရသည့်အခါ လွှတ်တော်တာဝန်၊ နိုင်ငံတာဝန်ကို ထမ်းရွက်ရန် အသင့်ဖြစ်နေကြမည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်ဘက်က လက်ရှိအနေအထားတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရေး၊ သိက္ခာရှိရှိ နည်းလမ်းစနစ်တကျ မှန်မှန်ကန်ကန်ဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ လွတ်လပ်မှုနှင့် တရားမျှတမှုကို အခြေခံ၍ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်ညီသော ရွေးကောက်ပွဲများဖြစ်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး၊ မဲပေးခွင့် မဆုံးရှုံးစေရေး အရေးကြီးသည့်အတွက်လည်း မလစ်ဟင်းရအောင် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ထိုမှတစ်ဆင့် ရွေးကောက်ပွဲမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ပေးလိုက်သော အစိုးရအဖွဲ့သို့ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်ရန် တာဝန်က ရှိနေသည်။ ထို့အတွက် အမျိုးသားရေးတာဝန်တစ်ရပ်နှယ် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

### လွတ်လပ်ရေးနေ့ ဦးတည်ချက်များကို ထင်ဟပ်၍

ဤနေရာတွင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် ရှိလာပြီဖြစ်သော လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဦးတည်ချက်များနှင့်တကွ တတိယအကြိမ် လွှတ်တော်များအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ၊ ရွေးကောက်ပွဲမှ အနိုင်ရလာမည့် ကိုယ်စားလှယ်များ၊ ထိုကိုယ်စားလှယ်များက ရွေးချယ်မည့် အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များသည် မည်မျှအရေးကြီးကြောင်း သိရှိထားရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုနှစ် လွတ်လပ်ရေးနေ့ဦးတည်ချက်(၄)ရပ်ကို ထင်ဟပ်ပြီး ပြည်သူတစ်ယောက်အနေဖြင့် မြင်ချင်၊ ဖြစ်ချင်သည်များ၊ တွေးစရာများနှင့် လိုလားချက်များ အစီအရီ ထွက်ပေါ်လာပါသည်။

မည်သည့်ကဏ္ဍများပါဝင်သော ဦးတည်ချက်များ ဖြစ်ပါသလဲ။ အစဉ်အဆက် အမျိုးသားရေးရည်မှန်းချက်နှင့် အမျိုးသားရေးတာဝန်ဖြစ်သည့် အရေးသုံးပါးသည် လုံးဝသတိပေါ့၊ မေ့လျော့၍ မရသော တာဝန်များပါပဲ။ အရေးကြီးပါသည်။ တစ်ဆက်တည်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးတာဝန်၊ စစ်မှန်စည်းကမ်း

> **“ဦးစွာ နိုင်ငံသားများ၏ တာဝန်ဖြစ်သည်။ ဒီမိုကရေစီကိုလိုချင်လျှင် နိုင်ငံသားတိုင်း မဖြစ်မနေ ရွေးကောက်ပွဲကို ကြုံတွေ့ဖြတ်သန်းရမည်သာ။ သို့ဖြစ်၍ နိုင်ငံသားများ၏ နိုင်ငံရေးရေချိန်၊ ရင့်ကျက်မှုနှင့် ခံနိုင်ရည်ရှိမှု၊ ပညာတန်ဖိုးကို သိမြင်မှုအတိုင်းအတာသည် ပဓာနကျလှသည်။ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ပိုင်းခြားဝေဖန်စိစစ်နိုင်စွမ်း (Rational thinking) ရှိပြီး နိုင်ငံနှင့်ပြည်သူအကျိုး စဉ်ဆက်မပြတ် ထမ်းရွက်နိုင်မည့် ကိုယ်စားလှယ်များကို လွှတ်တော်ထဲအထိ၊ အစိုးရအဖွဲ့ဝင်ဖြစ်သည်အထိ လူမှန်၊ နေရာအမှန်မှာ အမှန်တကယ်အလုပ်လုပ်မည့်သူများကို ရွေးချယ်ပို့ဆောင်နိုင်စွမ်း ရှိရပါမည်”**

ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်၏ အနှစ်သာရ၊ ထို့နောက်မှာမှ နိုင်ငံ့စီးပွားရေး၏ အဓိက ကျောရိုးဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များနှင့်တကွ အခြားစီးပွားရေးကဏ္ဍများကို အကောင်အထည်ဖော်ရန် ဦးတည်ချက်များသည် ထွက်ပေါ်လာမည့် Institution အဆောက်အအုံသစ်များ၌ တာဝန်ခံထမ်းရွက်ရမည့် လုပ်ငန်းများဖြစ်ပါသည်။

အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ပိုင်းနှင့်ထပ်တူ ထိုထိုတာဝန်များ ထိထိရောက်ရောက် ထမ်းရွက်နိုင်ရေး စောင့်ကြည့်တွန်းအားပေးမည့် နိုင်ငံသားများသည်လည်း ကိုယ့်အထာနှင့် ကိုယ့်တာဝန် ကိုယ်စီကျေပွန်ရန်အတွက် အသီးသီးသော တာဝန်များ Shared responsibility ရှိနေကြရမည်ကို သတိပြုရမည် ဖြစ်ပါသည်။

### နိုင်ငံသားများ၏တာဝန်

ဦးစွာ နိုင်ငံသားများ၏ တာဝန်ဖြစ်သည်။ ဒီမိုကရေစီကို လိုချင်လျှင် နိုင်ငံသားတိုင်း မဖြစ်မနေ ရွေးကောက်ပွဲကို ကြုံတွေ့ဖြတ်သန်းရမည်သာ။ သို့ဖြစ်၍ နိုင်ငံသားများ၏ နိုင်ငံရေးရေချိန်၊ ရင့်ကျက်မှုနှင့် ခံနိုင်ရည်ရှိမှု၊ ပညာတန်ဖိုးကို သိမြင်မှုအတိုင်းအတာသည် ပဓာနကျလှသည်။ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ပိုင်းခြားဝေဖန်စိစစ်နိုင်စွမ်း (Rational thinking)ရှိပြီး နိုင်ငံနှင့် ပြည်သူအကျိုး စဉ်ဆက်မပြတ် ထမ်းရွက်နိုင်မည့် ကိုယ်စားလှယ်များကို လွှတ်တော်ထဲအထိ၊ အစိုးရအဖွဲ့ဝင်ဖြစ်သည်အထိ လူမှန်၊ နေရာအမှန်မှာ အမှန်တကယ် အလုပ်လုပ်မည့်သူများကို ရွေးချယ်ပို့ဆောင်နိုင်စွမ်း ရှိရပါမည်။

ထူးချွန်ထက်မြက်ပြီး စေတနာပါမည့်သူလား၊ အစကောင်းသလို အနှောင်းသေချာမည့်သူလား၊ ဖြစ်သင့်သည်ကို ဖြစ်ရမည်။ ရွေးကောက်ပွဲတစ်ခုသည် ကိုယ်စားလှယ်၊ အစိုးရတစ်ရပ်၏ အရည်အသွေးကို တိုင်းတာရန် ပေတံတစ်ခုဖြစ်သလို နိုင်ငံသားတို့၏ တာဝန်ရှိမှုနှင့် အရည်အချင်းကို ဖော်ထုတ်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်သည်ဆိုလျှင်လည်း မမှားပါ။

မည်သည့်အတွက်ကြောင့် အခွင့်အလမ်းကောင်းဟု ဆိုရပါသလဲ။ တာဝန်ကျရာ လွှတ်တော်များတွင် ဥပဒေပြုရမည့်တာဝန်၊ အပြန်အလှန် စောင့်ကြည့်ထိန်းညှိရမည့်တာဝန်နှင့် မိမိတို့ မဲဆန္ဒရှင်များကို ကိုယ်စားပြုပေးရမည့် တာဝန်များသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်များ ဖြစ်နေသောကြောင့်ဆိုသည်ကို နားလည်ထားရန် လိုအပ်သည့်အတွက် ဖြစ်ပါသည်။

### ကိုယ်စားလှယ်များ၏ အဓိကတာဝန်

အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကား အလွန်အရေးကြီးသည်ဟု ဆိုရပါမည်။ နိုင်ငံရေးကဏ္ဍသစ်တစ်ခုတွင် ဦးဆောင်ဦးရွက်ပြုနေသူများအဖြစ် မှတ်ယူပြီး မိမိတို့၏ မူဝါဒ၊ ကတိကဝတ်နှင့် နိုင်ငံသားများ၏ လိုလားချက်၊ တောင်းဆိုချက်များကို မေ့မသွားသင့်ပါ။ ယခုအချိန်၌ မိမိ၏ခံယူချက်များကို မဲဆန္ဒရှင်ပြည်သူများက ယုံကြည်လက်ခံလာအောင် ဖော်ထုတ်ထားပြီးဖြစ်၍ ဆောင်ရွက်မည့် Action plan များလည်း ရှိထားမည်ဟု ယုံကြည်ပါသည်။ နိုင်ငံအတွက်၊ ဤမြို့၊ ဤရွာ၊ ဤဒေသအတွက် ပြည်သူများ၏အသံကို နားထောင်ခွင့်၊ တင်ပြခွင့်၊ ဆွေးနွေးခွင့်ရသည့် ကိုယ်စားလှယ်များအဖြစ် အမှုထမ်းခွင့်ရသည်မှာ မည်မျှဂုဏ်ယူစရာ ကောင်းလိုက်ပါသလဲ။ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအဖြစ် မိမိကို ပြည်သူက ရွေးချယ်လိုက်ခြင်းသည် ပြည်သူ့ကိုယ်စား ပြည်သူ့လိုအပ်ချက်ကို ဖော်ဆောင်ပေးရန်အတွက် သတ်မှတ်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်ဖြစ်လာလျှင်လည်း နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ပိုင်ခွင့်တစ်ခုတိုးလာခြင်းဟူ၍သာ ခံယူရန်ပင်ဖြစ်ပါသည်။

လွှတ်တော်များ၏ ဥပဒေပြုရေးအခန်းကဏ္ဍသည် စက်ဝန်းတစ်ခုနှယ် ကျယ်ဝန်းပါသည်။ ဥပဒေကြမ်းများအပေါ် ပြင်ဆင်ရန် စိစစ်၊ စဉ်းစား၊ သုံးသပ်၊ ဆွေးနွေး၊ ကြားနာ၊ အတည်ပြု၊ ပြဋ္ဌာန်းရခြင်းများ ပါဝင်သည်။ မဏ္ဍိုင်များအကြား အပြန်အလှန် စောင့်ကြည့်ထိန်းညှိခြင်းကို မေးခွန်းများမေးခြင်း၊ အဆိုတင်သွင်းခြင်းများဖြင့် ဆောင်ရွက်ကြရသည်။ သက်ဆိုင်ရာပုဂ္ဂိုလ် အဖွဲ့အစည်းများစွာနှင့် သိမ်မွေ့စွာ ထိတွေ့ဆက်ဆံ ညှိနှိုင်းကြရသည်။ ထိုသို့ဆောင်ရွက်ရာမှာ ကိုယ်စားလှယ်များအနေဖြင့် အခြေအနေနှင့် အချိန်အခါပေးသည့်အပေါ် မူတည်၍ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆွေးနွေးကြစေချင်သည်။ Secret voting ၌ လက်ကလေးနှိပ်ရုံ တာဝန်ကျေရုံမျှဖြင့် မပြီး၊ လေ့လာမှု အားကောင်းကောင်းဖြင့် နယ်ပယ်စုံတွင် ထိထိရောက်ရောက် ထောက်ပြဆွေးနွေးကြစေချင်ပါသည်။

### အမျိုးသားအကျိုးစီးပွား ပဓာန

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိမဲဆန္ဒနယ်ရှိ ပြည်သူလူထုကိုလည်း ကိုယ်စားပြုရသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် မိမိကို ထောက်ခံသူရော မထောက်ခံသူကိုပါ ကိုယ်စားပြုရခြင်းဖြစ်သည်။ အများစုဆန္ဒကို ကိုယ်စားပြုသလို အနည်းစုဆန္ဒကိုလည်း လေးစားရသည်။ မိမိကို မထောက်ခံသူများ၏ လိုလားချက်များကိုလည်း စဉ်းစားပေးရမည်ဖြစ်သည်။ မိမိမဲဆန္ဒနယ်ကို ကိုယ်စားပြုရင်းဖြင့် တစ်နိုင်ငံလုံး အကျိုးစီးပွားကိုလည်း မျက်ခြည်မပြတ်သင့်ပါ။ တစ်နည်းအားဖြင့် မျိုးချစ်စိတ်အပေါ် အခြေခံသည့် အမျိုးသားအကျိုးစီးပွား (National interest) အပေါ် ခိုင်ခိုင်မာမာ ရပ်တည်ရမည်ဖြစ်သည်။ ယခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဦးတည်ချက်(၄)ရပ်သည်ပင် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်နေသည်ကို သတိပြုရမည်ဖြစ်ပါသည်။

နိုင်ငံရေးအတွေးအခေါ်များနှင့်အတူ ကမ္ဘာ့ပထဝီနိုင်ငံရေး၊ စီးပွားရေးအသိအမြင်များ ၊ ပထဝီစီးပွားရေးအခြေအနေများကို အစဉ်မပြတ် လေ့လာသုံးသပ်ပြီး မိမိနိုင်ငံအမျိုးသား အကျိုးစီးပွားအရေး၊ အမျိုးသားအရေးကို ဘယ်လိုအထောက်အကူပြုပေးကြမလဲ၊ အမျိုးသားအကျိုးစီးပွား ပျက်ပြားရာအချက်အလက်များ တွေ့မြင်ကြားသိရလျှင် ဘယ်လိုဖော်ထုတ်ကာကွယ်တားဆီးကြမလဲ အမြဲတမ်း

*စာမျက်နှာ ၉ သို့*

> ❖ **လွှတ်တော်ကိုယ်စားလှယ်များသည် မိမိမဲဆန္ဒနယ်ရှိ ပြည်သူလူထုကိုလည်း ကိုယ်စားပြုရသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် မိမိကို ထောက်ခံသူရော မထောက်ခံသူကိုပါ ကိုယ်စားပြုရခြင်းဖြစ်သည်။ အများစုဆန္ဒကို ကိုယ်စားပြုသလို အနည်းစုဆန္ဒကိုလည်း လေးစားရသည်။ မိမိကို မထောက်ခံသူများ၏ လိုလားချက်များကိုလည်း စဉ်းစားပေးရမည်ဖြစ်သည်။ မိမိမဲဆန္ဒနယ်ကို ကိုယ်စားပြုရင်းဖြင့် တစ်နိုင်ငံလုံး အကျိုးစီးပွားကိုလည်း မျက်ခြည်မပြတ်သင့်ပါ။ တစ်နည်းအားဖြင့် မျိုးချစ်စိတ်အပေါ် အခြေခံသည့် အမျိုးသားအကျိုးစီးပွား (National interest)အပေါ် ခိုင်ခိုင်မာမာ ရပ်တည်ရမည်ဖြစ်သည်။ ယခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဦးတည်ချက်(၄)ရပ်သည်ပင် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်နေသည်ကို သတိပြုရမည်ဖြစ်ပါသည်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၆
ရက်
သာ လိုတော့သည်။

## ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ...

❖ နှစ်ထောင့်နှစ်ဆယ့်တစ်၊ သမိုင်းသစ်အား
ဖွင့်လှစ်ပေးရန်၊ အကြောင်းဖန်၍
အကြံလည်းဆိုး၊ မဲပါခိုးလျက်
မျိုးစုံအာဏာ၊ ရယူပါသော်
ပြန်ကာစစ်ပေး၊ တောင်းဆိုရေးလည်း
အလေးမထား၊ ပါတီအားဖြင့်
များစွာလွှတ်တော်၊ အရခေါ်ကာ
အော်ဟစ်ဆူပူ၊ သူတို့မူဖြင့်
ပြည်သူအရေး၊ အလေးပေးဟု
သံသေးသံပြာ အော်ဟစ်လာ.....။

❖ မဲမသမာ၊ ပြုမူလာ၍
အာဏာထိန်းကာ၊ ပုံပြင်ပါသော်
စစ်အာဏာရှင်၊ ကမ္ဘာတွင်အောင်
အသွင်အော်ကြ၊ ဆန္ဒပြကာ
ပစ်ဟာတုတ်မီး၊ မီးရှို့ပြီး၍
လည်လှီးသတ်ပြ၊ ခုတ်ထစ်ကြသော်
အနိမ့်ဆုံးဆင့်၊ အသင့်တင့်ဖြင့်
တပ်နှင့်ရဲများ၊ ခုခံထားလည်း
များစွာလူစု၊ ရန်များပြု.....။

❖ အာဏာထိန်းကျောင်း၊ အားသစ်လောင်းရင်း
ကောင်းစွာငါးရပ်၊ မူချမှတ်၍
ကိုးရပ်ဦးတည်၊ တွဲလက်ညီလျက်
ချီတက်၍သာ၊ အုပ်ချုပ်ပါလည်း
များစွာအကြမ်းဖက်၊ တိုက်ခိုက်ချက်ကြောင့်
အဘက်ဘက်မှာ၊ စစ်မျက်နှာတို့
ဖွင့်ကာခုခံ၊ တိုက်ခိုက်ပြန်ရ
တစ်ဖန်ပြန်နွဲ၊ ရွေးကောက်ပွဲလည်း
နှစ်လည်းကြာလှ၊ ဝေးကွာရပေ့ါ
များစွာခက်ခဲ ရင်ဆိုင်ဆဲ.....။

❖ နှစ်ထောင့်နှစ်ဆယ့်ငါး၊ ခေတ်ပြောင်းသွားသော်
အင်အားရှိလှ၊ တပ်မတော်ကပင်
များစွာတိုက်ပွဲ၊ ရင်ဆိုင်နွှဲရင်း
ဖြိုခွဲသောင်းကျန်း၊ ရောင်နီသန်းပြီ
ပွင့်လန်းဝေဆာ၊ ပန်းပမာသို့
နကာဖူးသစ်၊ အလှစစ်ကြောင့်
ချစ်သောပြည်သူ၊ ဝိုင်းဝန်းကူလျက်
တူညီစိတ်ထား၊ တွဲလက်များဖြင့်
ခွန်အားပြည့်ဝ၊ စွမ်းဆောင်ကြရင်း
အလှမြန်မာ ဆက်လျှောက်မှာ....။

❖ ဩော်.....
တပ်မတော်သည်၊ ကတိတည်၍
ညီညွတ်ရေးအား၊ အလေးထားရင်း
အားပေးဆင်နွှဲ၊ ရွေးကောက်ပွဲဖြင့်
ချီမြဲချီတက်၊ ခရီးဆက်လျက်
လက်ကမ်းကျေပွန်၊ ပိုကောင်းမွန်အောင်
ထူးချွန်ကြိုးစား၊ စွမ်းပကားဖြင့်
အတားအဆီး၊ မည်မျှကြီးလည်း
ထီးသို့ပမာ၊ မိုး၍ကာလျက်
အနာဂတ်ဆီ ရှေ့ဆက်ချီ။
ညီညွတ်စွာဖြင့် တို့ဦးတည်...။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးဆီသို့......

ရဲမင်းစိုး

## မိုင်းရယ်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်

မိုင်းရယ် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းရယ်မြို့နယ်ရုံးမှ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် မြို့နယ်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသည့် အသက်(၁၈)နှစ်ပြည့်ပြီးသူများ၊ နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး၊ ပျောက်ဆုံးသူများကို နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရန်အတွက် ယနေ့နံနက် ၁၀ နာရီက မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းရယ်မြို့နယ်ရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသန်းထွန်းအောင်နှင့်ဝန်ထမ်းများက လုံလိုင်းကျေးရွာအုပ်စု၊ မိုင်းဟိန်းကျေးရွာအုပ်စု၊ မိုင်းဟမန်မုံကျေးရွာအုပ်စု၊ ဟိုဆိုင်းကျေးရွာအုပ်စုနှင့် မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်တို့တွင် အိမ်ထောင်စုဇယား ပုံစံ(၆၆/၆)တွင်ပါရှိပြီး အသက်(၁၈)နှစ်ပြည့်၍ မှတ်ပုံတင်မပြုလုပ်ရသေးသည့်သူများ၊ နိုင်ငံသားစိစစ်ရေးကတ် လဲလှယ်၊ မိတ္တူများ ပြုလုပ်ပေးခြင်းများကို ဒေသခံပြည်သူ စုစုပေါင်း ၂၀၆ ဦးကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းရယ်မြို့နယ်ရုံးအနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မြို့နယ်အတွင်းရှိ ပြည်သူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မြေပြင်ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်း၊ လဲလှယ်၊ မိတ္တူများ ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



စာမျက်နှာ ၈ မှ

အသင့်ရှိနေရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးပြု ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်များ(Statesmen) ဖြစ်နိုင်ပါမည်။

### ပြည်သူများ၏ မျှော်လင့်ချက်

လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် အာဏာထက် သိက္ခာ၊ နေရာထက် စေတနာ၊ ပါတီရေးထက် နိုင်ငံအရေးက ပိုအရေးကြီးသည်ဆိုသည့် ခံယူချက်မျိုး ထားရှိခြင်းသည် ပြည်သူ့ကိုယ်စားလှယ်ဘဝကို ထဲထဲဝင်ဝင် ခံယူလိုက်ခြင်းမည်ပါသည်။ မိမိတို့၏ နေထိုင်ပြောဆိုပုံမှအစ စည်းကမ်းအရာ၊ ဥပဒေကို လေးစားလိုက်နာရာတွင် လူငယ်များအတွက် စံပြု(Role model)ပမာ ဖြစ်ရပါမည်။ မိမိတို့၏ အမူအကျင့်ကောင်းများကြောင့် လူငယ်များ လိုက်ပါပြောင်းလဲပြီး မျိုးဆက်အလိုက် ဘဝများ တိုးတက်သွားခြင်းမျိုး မိဘပြည်သူများက မြင်ချင်ကြမှာပါ။ သို့မှသာ ပြည်သူ၏ ယုံကြည်မှုကို ရရှိပြီး ပါတီနှင့် ရွေးချယ်ခံ ကိုယ်စားလှယ်များအပေါ် သံသယဖြစ်စရာ၊ အထင်သေးစရာအကြောင်းများကို ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။

အနာဂတ်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးကို မဆန့်ကျင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်စွမ်းရှိမည်ဟု ယုံကြည်ထားပါသည်။ ခေတ်အဆက်ဆက် မခိုင်မြဲခဲ့သည့် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ပြည်သူလူထုလိုချင်သည့် အာမခံချက်တစ်ခုကို ယခုအခင်းအကျင်းမှ ဖော်ဆောင်နိုင်မလားဟု များစွာမျှော်လင့်လျက်ရှိပါသည်။ **“ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုဟူသည် ငြိမ်းချမ်းရေးနှင့်ဆက်စပ်နေသည်”**ဆိုသည့် သဘောတရားကို လက်ခံနိုင်လျှင် စည်းလုံးညီညွတ်ရေးကို မဖော်ဆောင်နိုင်စရာ အကြောင်းမရှိဟု မြင်ပါသည်။

အတိတ်ရွေးကောက်ပွဲကာလ အဖြစ်အပျက်များကို သင်ခန်းစာယူပြီး နောက်ဆက်တွဲ ဆိုးကျိုးများကို ဖန်တီးမည့် ကိုယ်စားလှယ်မျိုးများ မဖြစ်ရန်လည်း မျှော်လင့်ထားသည်။ နိုင်ငံနှင့် ပြည်သူကို ကိုယ်စားပြုနေသူများဖြစ်၍ နိုင်ငံတော်ကို ဆန့်ကျင်သည့် အဆိုးမြင်များကို ပယ်ဖျောက်နိုင်စွမ်း ရှိရပါမည်။ တော်လှန်ရေးဆိုသည့် စကားလုံးများနေရာတွင် ပြုပြင်ပြောင်းလဲရေးဆိုသည့် စကားလုံးများဖြင့် အစားထိုး၊ အဖျက်သဘောကို အပြုသဘောများဖြင့် ဖျောက်ဖျက်နိုင်စွမ်းရှိရပါမည်။ ရွေးချယ်ခံ တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ၏ အမြင်၊ စကားသံများမှတစ်ဆင့် လူမျိုးကြီးဝါဒ၊ တိုင်းရင်းသားများကိုဖိနှိပ်၊ ချိုးနှိမ်ဆိုသော မဟုတ်မမှန်၊ အမနာပပြောဆိုမှုများလည်း အနာဂတ်တွင် တဖြည်းဖြည်း ပျောက်ကွယ်သွားနိုင်မည်ဟု မျှော်လင့်မိပါသည်။

အချုပ်အားဖြင့် ဘာပဲလုပ်လုပ် စေတနာနှင့် အရည်အချင်းကို အဓိကထားလျှင် အောင်မြင်သည်သာဖြစ်သည်။ ထိုစေတနာနှင့် အရည်အချင်းကို အခြေခံသော စွမ်းဆောင်ရည်များဖြင့်သာ ရွေးကောက်ပွဲများသည် စစ်မှန်ကြောင်း၊ တရားမျှတမှုရှိကြောင်းကို သက်သေပြနိုင်မည်ဖြစ်၍ ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ကြိုးစားပြသရန် လိုနေပါသည်။ ထို့ကြောင့် ပြည်သူများက ရွေးကောက်ပွဲအနိုင်ရပါတီမှ ဦးဆောင်ဖြစ်ပေါ်လာမည့် ခံယူချက်မှန်ပြီး အရည်အချင်းရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်အသစ်နှင့် အစိုးရသစ်ကို များစွာမျှော်လင့်ချက်ထားနေခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲနှင့်တကွ ရွေးကောက်ပွဲအလွန်ကာလ အကူးအပြောင်းနှင့် စစ်မှန်သော အသစ်အသစ်များကို အလွန်စိတ်ဝင်စားနေကြပါသည်။ ထို့ကြောင့် လွှတ်တော်များကို အသက်ဝင်အောင် လုပ်ကြရတော့မည်။ ဖွံ့ဖြိုးရေးအမြင် (Development thinking) ဖြင့် နိုင်ငံတည်ဆောက်ရေးကို အရှိန်အဟုန်ဖြင့် တွန်းတင်ကြရပါတော့မည် ဖြစ်ပါကြောင်း။ ။

## သူတော်ကောင်းတရားများကို နာကြားရရုံမျှမက ဓမ္မက္ခန္ဓာပေါင်းများစွာကို အာဂုံအလွတ်ရအောင် ကျက်မှတ်ကြပြီးဖြစ်သဖြင့် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအင်အား ကိုယ်မှာထား၍ ပြန်ဆိုတော်မူကြရန်တိုက်တွန်း

### (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော သာရဏီယဩဝါဒကထာ

{ ၁၃၈၇- ခုနှစ်၊ ပြာသိုလဆန်း (၃) ရက်၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ တနင်္ဂနွေနေ့ }

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆို၊ ရေးဖြေ ဖြေဆိုတော်မူကြမည့် တိပိဋကဓရ တိပိဋကကောဝိဒလောင်းလျာ သာသနဒ္ဓဇနည်အရှင်မြတ်တို့နှင့် တကွ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအမှူးပြုသော ဒါယကာ ဒါယိကာမ အပေါင်းတို့အား သာသနာတော်အတွက် ကြာရှည်လေးမြင့် အမှတ်ရသင့်သည့် သာရဏီယ ဩဝါဒစကားကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား မိန့်ကြားလိုပါသည်ဘုရား။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီးဖွဲ့စည်းကာ သာသနာတော်သုံးရပ် တိုးတက်သန့်ရှင်း တည်တံ့ပြန့်ပွားစေရန် သံဃနာယကအဖွဲ့အဆင့်ဆင့်တို့က ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိနေကြသည်ကို အရှင်မြတ်တို့အသီးသီး သိရှိနေကြပြီးဖြစ်ပါသည်ဘုရား။

အရှင်မြတ်တို့သည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ငါးဖြာသောအား ကိုယ်မှာထားကြလျက် အာဂုံအရ ကျက်မှတ်၍ ပြန်ဆိုတော်မူကြသော သုံးပုံပိဋကပရိယတ္တိသာသနာတော်သည် သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၏ သာသနာသုံးရပ်တွင် အရင်းမူလ ပဓာနဖြစ်ပါသည်ဘုရား။ မြတ်ဗုဒ္ဓသာသနာဆိုသည်မှာ မြတ်စွာဘုရားရှင်သည် လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သည့် ပိဋကသုံးသွယ် နိကာယ် ငါးရပ် အဆုံးအမ တရားတော်မြတ်များဖြစ်ကြ၍ ထိုအဆုံးအမတရားတော်များ စဉ်ဆက်မပြတ် ပြန့်ပွားစည်ပင်ရေးသည် ရဟန်းသံဃာတို့၏ တာဝန်နှစ်ရပ်တွင် ဂန္ထဓုရတာဝန်ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်မြတ်ဟူသော ထိုပရိယတ္တိ သာသနာ ဆိတ်သုဉ်းပျောက်ကွယ်ပါက လက်တွေ့ကျင့်ကြံကြိုးစားအားထုတ်မှုဖြစ်သည့် ပဋိပတ္တိသာသနာတော်သည်လည်း ထင်ရှားဖြစ်ပေါ်လာနိုင်ခြင်းမရှိပါ၊ ပဋိပတ္တိသာသနာတော် လမ်းစမေးမှိန်သွားပါကလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်နိုင်မှု



ပဋိဝေဓ သာသနာတော် အကျိုးမြတ်သည်လည်း ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည်မဟုတ်ပေ၊ မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့ တိုးတက်ပြန့်ပွားရေးသည် ပရိယတ္တိသာသနာတော်အပေါ်အခြေခံလျက် တည်မှီနေပေသည်။

သာသနဒ္ဓဇနည်အရှင်မြတ်တို့သည် ထက်သန်သော ဆန္ဒ၊ တက်ကြွသော ဝီရိယ၊ ခိုင်ကြည်သော စိတ္တ၊ နက်နဲသော ဝီမံသတည်းဟူသော အဓိပတိတရားလေးပါး လက်ကိုင်ထားကြလျက် သင်ယူကျက်မှတ် လေ့လာဆည်းပူး အားထုတ်အပ်သည့် ပရိယတ္တိကျမ်းဂန်များသည် လူနတ်ဗြဟ္မာ သတ္တဝါအစားစား ဝေနေယျအများတို့အား မဂ်ဖိုလ်နိဗ္ဗာန် အကျိုးစီးပွား ချမ်းသာအစစ်အမှန်ကို ဧကန်ရစေနိုင်မည့် တရားတော်များဖြစ်သည့်အပြင် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ကြောင်း အထောက်အပံ့ကောင်းပင်ဖြစ်သည်ဟု နှလုံးသွင်းဆင်ခြင်ကြ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမည် ဖြစ်ပေသည်။

အာဂုံပြန်ဆို ရေးဖြေ ဖြေဆိုတော်မူကြမည့် သာသနဒ္ဓဇနည်အရှင်မြတ်တို့သည် ထိုထိုကျမ်းမြတ် ပိဋကတ်တို့ကို နှုတ်တက်အာဂုံအရဆောင်တော်မူကြခြင်း၊ ထိုထိုကျမ်းမြတ် ပိဋကတ်တို့၏အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ စသည့်ကျမ်းဂန်တို့ကို နှံ့စပ်အောင်လေ့လာဆည်းပူးခြင်းဖြင့် လျှို့ဝှက်ခက်ခဲနက်နဲသော ဝိနိစ္ဆယတို့ကို မြတ်စွာဘုရားရှင်၏ အလိုတော်ကျ ပြတ်ပြတ်သားသား ပိုင်းခြားချဲ့ထွင် သိမြင်တော်မူကြ၍ အနာဂတ်သာသနာတော်၏ တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကတ်ကျမ်းစာများကို အာဂုံဝင်ရောက် ပြန်ဆိုတော်မူကြမည့် အရှင်မြတ်များအနေဖြင့် သူတော်ကောင်းတရားများကို နာကြားရရုံမျှမက ဓမ္မက္ခန္ဓာပေါင်းများစွာကို အာဂုံအလွတ်ရအောင် ကျက်မှတ်ကြပြီးဖြစ်သဖြင့် ငါတို့အဖို့ အလွန်ရခဲသော အခွင့်ကောင်း အခါကောင်းကို ရကြပေပြီဟု နှလုံးသွင်းကာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ အင်အား ကိုယ်မှာထား၍ ပြန်ဆိုတော်မူကြရန်ကိုလည်း တိုက်တွန်းလိုပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့ကလည်း ရခဲလှသည့်ဒုလ္လဘတရားများကို ရရှိနေသည့်အချိန်တွင် မမေ့မလျော့သော အပ္ပမာဒတရားဖြင့် မြတ်စွာဘုရားရှင် သာသနာတော်မြတ်ကြီးကို အားပေးချီးမြှောက်ထောက်ပံ့ရင်း နိဗ္ဗာန်တိုင်ရောက်အထောက်အပံ့ပြုငြား ကောင်းမှုကုသိုလ်တရားကို ပွားများအားထုတ်နိုင်ကြပါစေဟု တိုက်တွန်းအမှာ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသတည်း။

**ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**ဥက္ကဋ္ဌဆရာတော်**

---

## (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၈)ကြိမ်မြောက် တိပိကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဥက္ကဋ္ဌ ဆရာတော်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်၊ ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်က "သာရဏီယဩဝါဒကထာ"ကို မိန့်ကြားတော်မူသည်။ **(သာရဏီယဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်)**

ယင်းနောက် ဒုတိယဝန်ကြီးက သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များအား အလှူရှင်များက အလှူငွေကျပ် ၁၂၅၂၅၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပါဠိကာရီတုလွတ်ကျောင်းဆရာတော် အဂ္ဂမဟာ



ပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အမှူးပြုသော သံဃာတော် ၅၅ ပါးတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ သုံးထပ်ဆွမ်းစားကျောင်းဆောင်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့က ဆက်ကပ်လှူဒါန်းသည့် နေ့ဆွမ်းကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာထောက်စာမဆရာတော်များနှင့် စာပြန်သံဃာတော်များအား ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ပုဂံ-ညောင်ဦးလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန



တိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံ-ညောင်ဦးလေဆိပ်သို့ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား အဆင့်လိုက် ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လေယာဉ်ပြေးလမ်းဘေးနှစ်ဖက်သို့ ၂၅ ပေစီ တိုးချဲ့ခြင်း၊ တိုးချဲ့ပြီး လေယာဉ်ပြေးလမ်းနှင့် မူလလေယာဉ်ပြေးလမ်းအား နိုင်လွန်ကတ္တရာခင်းခြင်းနှင့် လေယာဉ်ရပ်နားရန် နေရာတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းများကို ရေးဆွဲထားသည့် အချိန်ဇယားအတိုင်း ဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ခရီးသည်နားနေဆောင်၊ မြန်မာမှုအနုလက်ရာများ ပြုပြင်မွမ်းမံမှု၊ လေဆိပ်ရှိရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ခရီးသည်များကို ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကန်ကြီးထောင့်မြို့နယ် မိချောင်းတရာကျေးရွာအုပ်စု ဘဲဂရက်ကြီးကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ



**ကန်ကြီးထောင့် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မိကျောင်းတရာကျေးရွာအုပ်စု ဘဲဂရက်ကြီးကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ဝင်တို့က ဘဲဂရက်ကြီးကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲဆိုင်းဘုတ်ကို ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ဖျန်းပက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကျေးရွာအတွင်း မီတာတပ်ဆင်ထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာလျှပ်စစ်မီးကို ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅ - ၂၀၂၆ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ၁၁ကေဗွီ ဓာတ်အားလိုင်း ၀ ဒသမ ၀၃၈ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးရွာနေ ပြည်သူများအတွက် များစွာ အထောက်အကူဖြစ်စေကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

## မအူပင်မြို့နယ် တံခွန်တိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**မအူပင် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသထွက်ကုန်သီးနှံများ ရာသီမရွေး သယ်ယူပို့ဆောင်နိုင်ရန်အတွက် မီးသွေးချောင်းကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးမှုကို မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးနှင့် တာဝန်ခံအင်ဂျင်နီယာများသည် တံခွန်တိုင်ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း မြေသားလမ်းခင်းခြင်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်၌ Box Culvert တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ကုန်ထုတ်လမ်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (GRF) ဘဏ္ဍာရန်ပုံငွေ ၂၉၄ ဒသမ ၀၀ သန်းဖြင့် မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ပြီး ၁၀၀ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အကျိုးပြုကျေးရွာ လေးရွာရှိ အိမ်ခြေ ၁၃၄၀၊ လူဦးရေ ၅၀၉၀၊ စိုက်ပျိုးမြေ ဧက ၈၀၀ ၌ စိုက်ပျိုးထားသည့် ဒေသထွက်ကုန် သီးနှံမျိုးစုံအား ရာသီမရွေး ဈေးကွက်သို့ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးထံမှ သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကော့သောင်းမြို့နယ်ရှိ ရေတံခွန်ခြံနှင့် မလိဝမ်းခြံတို့၌ ဆီအုန်းဧက ၁၀၀ စိုက်ပျိုးသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ၏ စားသုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှ ဝယ်ယူရသည့် စားသုံးဆီပမာဏကို အထိုက်အလျောက် လျှော့ချနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ရေတံခွန်ခြံနှင့် မလိဝမ်းခြံတို့၌ ၂၀၂၆-၂၀၂၇ ခုနှစ်အတွင်း ဆီအုန်းသီးနှံ ဧက -၁၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ အဆိုပါဆီအုန်းသီးနှံများအတွက် သုတေသနလုပ်ငန်းများကို စီမံဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ သိရသည်။

"အခုလာမယ့် ၂၀၂၆ မိုးရာသီမှာ စိုက်ပျိုးသွားမယ့် ဆီအုန်းသီးနှံ ဧက-၁၀၀ အတွက် ပြည်ပက တင်သွင်းတဲ့မျိုးနဲ့ ပြည်တွင်းက စပ်မျိုးနှစ်မျိုးကို ယှဉ်ပြိုင်စမ်းသပ်ပြီး သုတေသနပြုနေပါတယ်၊ ဘယ်မျိုးက ကော့သောင်းမြို့ရဲ့ ရာသီဥတုရေမြေဒေသနဲ့ ပိုပြီးကိုက်ညီမှုရှိသလဲ၊ ဘယ်မျိုးကတော့ အထွက်ကောင်းမျိုးဖြစ်မလဲဆိုတာ စမ်းသပ်မှုပြုလုပ်ပြီး စီမံဆောင်ရွက်နေပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာအေးက ပြောသည်။

ယခုအခါ ဆီအုန်းသီးနှံပင်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနပိုင်ခြံများအတွင်း ဧရိယာ ၂၈၇ ဒသမ ၆၅ ဧကတွင် သုတေသနလုပ်ငန်းများကို စီမံဆောင်ရွက်နေကြောင်း သိရသည်။



၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဌာနပိုင်ခြံများမှစိုက်ပျိုးသည့် ဆီအုန်းသီးနှံ ဧရိယာမှာ ၁၀၀၆၉ ဒသမ ၈၆ ဧကဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များစိုက်ပျိုးသည့် ဧရိယာသည် ၃၈၅၉၂ ဒသမ ၁၄ ဧကရှိပြီး တစ်နိုင်ငံလုံးအတွက် ဆီချောတန်ထွက်ရှိသည့်ပမာဏမှာ ၃၇၄၁၆ ဒသမ ၇၆ တန် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်းနှင့် ဆီအုန်းသီးနှံမှ အခြားနည်းသုံး (ဆပ်ပြာကုန်ကြမ်းဆီ) အဖြစ် တန် ၁၀၆၆၂ ဒသမ ၀၉ တန် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆီအုန်းသီးနှံပင်တစ်ပင်သည် ငါးနှစ်ပြည့်သည့်အချိန်မှစ၍ စီးပွားဖြစ်ခူးဆွတ်၍ ဆီထုတ်လုပ်နိုင်ပြီး ဆီအုန်းသီးနှံ အများဆုံး ထွက်ရှိသည့်အချိန်သည် နှစ်စဉ် မေလနှင့် ဇွန်လတို့ဖြစ်ရာ အနည်းဆုံးထွက်ရှိသည့်အချိန်မှာ ဩဂုတ်နှင့်စက်တင်ဘာလတို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဆီအုန်းသီးနှံ အဓိကစိုက်ပျိုးသည့် ဒေသမှာ တနင်္သာရီတိုင်းဒေသကြီးဖြစ်ကြောင်း သိရသည်။

ဆီအုန်းသီးနှံသည် ဆီထွက်သီးနှံများအနက် တစ်ဧကဆီထွက်နှုန်း အကောင်းဆုံးနှစ်ရှည်ပင်တစ်မျိုးဖြစ်ပြီး မြေပဲ၊ နှမ်း၊ နေကြာတို့၏ တစ်ဧကဆီထွက်နှုန်းနှင့်နှိုင်းယှဉ်လျှင် ခြောက်ဆခန့် အထွက်နှုန်းပိုပြီး ကုန်ကျစရိတ်မှာလည်း ပို၍သက်သာကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

# ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှ ပြည်သူများ၊ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား အနုပညာရှင်များ ဖျော်ဖြေတင်ဆက်

**နောင်ချို ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များနှင့်အတူ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ နောင်ချိုမြို့မှ ပြည်သူများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား သွားရောက်ဖျော်ဖြေတင်ဆက်ကြသည်။

**တိမ်ပင်လယ်ရှုခင်းသာကို သွားရောက်လေ့လာ**

နံနက်ပိုင်းတွင် ကျောက်မဲမြို့မှထွက်ခွာပြီး နောင်ချိုမြို့မှ ၁၆ မိုင်အကွာရှိ နောင်ချိုကြီး တိမ်ပင်လယ်ရှုခင်းသာကို သွားရောက်လေ့လာကြသည်။

ထိုနောင်ချိုကြီးတိမ်ပင်လယ်ရှုခင်းသာနေရာ၌ အပန်းဖြေနေရာ ခုနစ်ခုမှ ပြည်တွင်း/ပြည်ပခရီးသွားများအတွက် တည်းခိုနေထိုင်အပန်းဖြေနိုင်ရန်နှင့် သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရန်အတွက် ပြင်ဆင်ထားရှိရာ ယခုအခါ ခရီးသွားဧည့်သည်များပြန်လည် ဝင်ရောက်လာနေပြီဖြစ်သည်။

**လှိုက်လှဲနွေးထွေးစွာကြိုဆို**

ထို့နောက် ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးတွေ့ဆုံပွဲကျင်းပမည့် နောင်ချိုမြို့ အားကစားရုံသို့ ရောက်ရှိကြရာ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး အနုပညာရှင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးတွေ့ဆုံပွဲကိုကျင်းပရာ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” video clip ကို ဦးစွာဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်ပြောကြားရာတွင် ရှမ်းမြောက်ဒေသရှိ မြို့နယ်များ ပြန်လည် ထိန်းချုပ်နိုင်အောင် သက်စွန့်ဆံဖျားဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်သားများကို အထူးကျေးဇူးတင်ပါကြောင်း၊ တစ်ဆက်တည်းတွင် မြို့ရွာဒေသအား ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နေကြသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်နေကြသော ပြည်သူလူထုကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်ပြီး အားတက်သရော ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးတွင်လည်း နောင်ချိုမြို့နယ်အတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖော်ဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်ပြီး ဆန္ဒပြုမဲပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှေ့တန်းရောက်တပ်မတော်သားများ အတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်၊ ငံပြာရည်ချက်၊ လက်ဖက်အကြော်စုံနှင့် ကော်ဖီထုပ်များအပါအဝင် စားသောက်ဖွယ်ရာများ၊ နောင်ချိုတပ်နယ်နှင့် ဌာနဆိုင်ရာများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၄၅ ဆူနှင့် MRTV DTH စလောင်းနှင့် ဆက်စပ်ပစ္စည်းအစုံ ၃၀၊ MRTV DVB T-2 Set Top Box အစုံ ၂၀ တို့အား ပေးအပ်လှူဒါန်းရာ နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် နောင်ချိုတပ်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖျော်ဖြေတင်ဆက်ကြမည့် အနုပညာရှင်များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

**သီဆိုကခုန်ကာပါဝင်ဆင်နွှဲ**

ဆက်လက်၍ ဖျော်ဖြေရေး အစီအစဉ်ကိုဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်/ တေးသံရှင် သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ ထက်အဥ္ဇလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင် နှင့် MRTV မှ တေးသံရှင် တျားရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးကေရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာတို့က သီဆိုဖျော်ဖြေကြရာ ပရိသတ်များကလည်း ပျော်ရွှင်စွာ သီဆိုကခုန်ကာ ပါဝင်ဆင်နွှဲကြသည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့သို့ရောက်ရှိကြပြီး စစ်တက္ကသိုလ်ရှိ အနော်ရထာခန်းမ၌ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား ဖျော်ဖြေတင်ဆက်ပွဲပြုလုပ်ရာ ဦးစွာ ပြင်းထန်သည့် မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သောအနာဂတ်နှင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ Video Clip များ ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်ပြောကြားပြီး ပြင်ဦးလွင်တပ်နယ်အတွက် MRTV DTH စလောင်းအစုံ ၁၀၀၊ MRTV T-2 Set Top Box အစုံ ၁၀၀ နှင့် သုတ/ ရသစာအုပ်/ စာစောင်များအား ပေးအပ်လှူဒါန်းသည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ MRTV ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်အတူ ဝန်ထမ်းအဆိုရှင်များနှင့် နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဗိုလ်လောင်းများ၊ ပြင်ဦးလွင် တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများကလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **သတင်းစဉ်**






# မြစ်သားမြို့နယ်၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်

**မြစ်သား ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းအောင်ကျော်သည် ယနေ့နံနက် ၁၁ နာရီတွင် မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ဦးစီးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြို့နယ်အတွင်း ဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာများနှင့် ပတ်သက်၍ မဲဆန္ဒရှင်စာရင်းများထဲတွင် သေဆုံးသူများပါဝင်နေခြင်းရှိ မရှိ၊ အသက် ၁၀၀ နှင့်အထက် ရှိနေသူများအား မြေပြင်တွင် အမှန်တကယ်နေထိုင်မှု ရှိ မရှိတို့ကို ရပ်ကျေးကော်မရှင်အဖွဲ့ဝင်များဖြင့် စစ်ဆေးပေးရန်၊ မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှုရှိစေရန်နှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့်အဖွဲ့သည် မြစ်သားမြို့ ရွှေသူဌေးရပ်ကွက်အတွင်းရှိ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံပြင်ဆင်ထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **ဝါဝါမြင့်(မြစ်သား)**



**ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်**

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူ စေတီတော်မြတ်အား(စတုတ္ထ)ကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားအနေကဇာတင်ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပျဉ်းမနားမြို့ သမိုင်းဝင် ဘုရားကိုးဆူစေတီတော်မြတ်အား (စတုတ္ထ)ကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားအနေကဇာတင် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကိတ္တိသာရနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကုသလတို့အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာများ၊ ဘုရားကိုးဆူဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော် သံဃာတော်များက အနေကဇာတင်လှူပူဇော်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကာ ဆရာတော် သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘုရားကိုးဆူဂေါပကအဖွဲ့ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများကို လျှောက်တင်ပြီး ဆရာတော်ဘဒ္ဒန္တကုသလထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် အားကစားကွင်း၌ ကျင်းပသည့် (၇၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့အကြို အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုနှင့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် နေပြည်တော်အားကစားရုံ၌ ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**ထွန်းလင်း(ဇေယျာမြေ)**

# သမားရိုးကျမွေးမြူရေးမှ ခေတ်မီမွေးမြူရေးစနစ်ဖြင့် တိုးချဲ့မွေးမြူနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ရွှေမြို့မွေးမြူရေးဇုန်ရှိ ပုဂ္ဂလိကမွေးမြူရေးခြံများကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ခေတ်မီမွေးမြူရေးစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင် ဦးဇော်ထွန်းမြင့်(အင်မိုင်ခ) မွေးမြူရေးခြံတွင် ဒေသန္တားကောင်ရေ ၁၅၀ မွေးမြူထားရှိပြီး တိရစ္ဆာန်အစာ နံ့စားပြောင်း စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးလုပ်ငန်းရှင် ဦးအုန်းခိုင်၏ စူပါကောင်း နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွား ၇၆ ကောင်မွေးမြူပြီး နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုတို့ကိုကြည့်ရှုရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းတာဝန်ခံနှင့် လုပ်ငန်းရှင်များက ရွှေမြို့ မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထပ်မံတိုးချဲ့မွေးမြူနိုင်မှုအခြေအနေနှင့် ဈေးကွက်အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်ချက်များအတိုင်း ထိုးနှံပေးရေး၊ အရည်အသွေးပြည့် မွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်နိုင်စေရန် သမားရိုးကျမွေးမြူရေးစနစ်မှ ခေတ်မီမွေးမြူရေးစနစ်သို့ ကူးပြောင်းဆောင်ရွက်ရေးနှင့် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ကံကြီးမွေးမြူရေးဇုန်ရှိ ဒေါက်တာမြတ်စံ၏ ဥစားကြက်မွေးမြူရေးခြံတွင် ဥစားကြက်အကောင်ရေ ၂၆၀၀၀ မွေးမြူထားရှိမှု၊ ဦးဝင်းသူရဇော်၏ Win Family Farm တွင် မွေးမြူရေးအစာထုတ်လုပ်မှုနှင့် ဒေသန္တား ၁၀၅ ကောင်၊ နို့စားနွားအကောင် ၂၀ နှင့် အသားတိုးနွား ၁၀ ကောင် မွေးမြူထားရှိမှု၊ မွေးမြူရေးလုပ်ငန်းရှင် ဦးတင်မြိုင်၏ မွေးမြူရေးခြံတွင် အသားတိုးဝက်အကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှု၊ ဦးသန်းဌေး၏ မွေးမြူရေးခြံတွင် အသားတိုးကြက် ၁၂၀၀၀ နှင့် ဒေသဆိတ်အကောင် ၇၀ မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ရွှေမြို့ရှိ မွေးမြူရေး သုတေသနစခန်း၌ ပျား၊ နွားနောက်၊ မြင်း၊ အိမ်မွေးတိရစ္ဆာန်နှင့် တောရိုင်းတိရစ္ဆာန်စသည့် ကုန်းနေသတ္တဝါများ၏ တိရစ္ဆာန်မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ မြင်းများ၏ မျိုးပွားမှုဆိုင်ရာ ခရိုမိုဆုန်းများ ပုံမှန် ဟုတ်/ မဟုတ်ကို Polymerase Chain Reaction–PCR နည်းအားဖြင့် စစ်ဆေးသည့် သုတေသနလုပ်ငန်းများ၊ မျိုးမွေးမြူထိန်းသိမ်းခြင်း၊ မျိုးကောင်းမျိုးသန့်ပွားများ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး မွေးမြူသူများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် မွေးမြူရေး အခြေခံစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးသုတေသန လုပ်ငန်းများ၏ အရေးပါမှုနှင့် အချိန်တိုပြီး အသုံးချ သုတေသနဖြစ်သည့် ဒေသကြက်နှင့် ဥစားကြက်သုတေသန ရလဒ်ကောင်းများ အမြန်ဆုံးဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် မြင်းမေထုန်မဲ့နှင့် မျိုးရိုးဗီဇခေတ်ခွဲခန်း၊ ပျားမေထုန်မဲ့နှင့် မျိုးရိုးဗီဇခေတ်ခွဲခန်း၊ တိုင်းရင်းကြက် စစ်တကောင်း၊ အင်ပင်ဝနှင့် ရွှေတဆုပ်ကြက်များ အသားစားကြက်မျိုးသစ်ဖော်ထုတ်ခြင်းနှင့် ဒေသန္တားများ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံ့ EV နည်းပညာရှင် လိုအပ်ချက်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဒီဇင်ဘာ ၁၈ ရက်က နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပသည့် EV Training of Trainers (၁/၂၀၂၅) သင်တန်းဆင်းပွဲကို ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက EV ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့် သုံးစွဲနိုင်ရေးနှင့် ခေတ်မီ Smart City များကို ဖော်ဆောင်နိုင်ရေးအတွက် EV နည်းပညာရှင် လိုအပ်ချက်သည် မြင့်တက်လာကြောင်း၊ နိုင်ငံ့ EV နည်းပညာရှင် လိုအပ်ချက်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် သင်တန်းများဖွင့်လှစ်၍ သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ သင်တန်းဆင်းများအနေဖြင့် EV နည်းပညာအရွေ့နှင့်အညီ အမီလိုက်ပါနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်လေ့လာကြရမည်ဖြစ်ပြီး နိုင်ငံ၏ EV ကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။




ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့် ပြင်ပ EV ကုမ္ပဏီများမှ သင်တန်းသား စုစုပေါင်း ၂၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ခြောက်ပတ်အတွင်း လက်တွေ့လုပ်ငန်းများကို အဆင့်မြင့် သင်ထောက်ကူမော်ကျူးများ အသုံးပြု၍ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အီဂျစ်နှင့် ရုရှားနိုင်ငံတို့ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ကတိပြု

**ကိုင်ရို ဒီဇင်ဘာ ၂၁**

အီဂျစ်သမ္မတ အက်ဒဲလ်ဖာတာ အယ်လ်စီစီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလာဗရော့ဖ်တို့သည် ဒီဇင်ဘာ ၂၀ ရက်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ တွေ့ဆုံကာ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင် သွားမည်ဖြစ်ကြောင်း အလေးပေးပြောကြားသည်။



အီဂျစ်သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် အစဉ်တစိုက် တိုးတက်လာနေသည့်အပေါ် အီဂျစ်သမ္မတ အယ်လ်စီစီက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် စူးအက်တူးမြောင်းစီးပွားရေးဇုန်ရှိ ရုရှားစက်မှုဇုန်နှင့် ဒါဘားနျူကလီးယား စွမ်းအင်စက်ရုံအပါအဝင် အဓိက ပူးတွဲစီမံကိန်းများကို ရှေ့ဆက်ဆောင်ရွက်ရန် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခေါင်းဆောင် နှစ်ဦးသည် ဒီဇင်ဘာ ၂၀ ရက်က ကိုင်ရိုမြို့၌ ကျင်းပခဲ့သည့် ရုရှား-အာဖရိက မိတ်ဖက်ဖိုရမ်၏ ဒုတိယအကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံတွင်လည်း ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ဂါဇာ၌ ဖြစ်ပွားနေသော ပဋိပက္ခများ ချုပ်ငြိမ်းရန်၊ အပစ်အခတ်ရပ်စဲရေးကို ခိုင်မာအားကောင်းစေရန်နှင့် ဒေသအတွင်း နောက်ထပ်တင်းမာလာမှုများ မဖြစ်ပွားစေရန် အရေးတကြီး လိုအပ်ကြောင်း အလေးပေးပြောကြားသည်။ **ဆင်ဟွာ**

## အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်သံတမန်နှင့် ဆက်သွယ်မှုမရှိဟု အီရန်နိုင်ငံခြားရေးဝန်ကြီးပြော

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

အရှေ့ အလယ်ပိုင်းဆိုင်ရာ အမေရိကန် အထူးသံတမန်စတိဗ်ဝစ်ကော့ဖ်နှင့် အဆက်အသွယ်မရှိတော့သည်မှာ လပေါင်းများစွာကြာမြင့်ပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက်အဘတ်စ်အာရက်ဂ်ချီက ပြောသည်။

ယခုလအစောပိုင်းက အာရက်ဂ်ချီ၏ မော်စကိုခရီးစဉ်အတွင်း အာတီသတင်းဌာန၏ Worlds Apart အစီအစဉ်တွင် အင်တာဗျူးပြုလုပ်စဉ် အီရန်နှင့်အမေရိကန်တို့ကြား ဆက်သွယ်ရေးအခြေအနေနှင့်ပတ်သက်၍ မှတ်ချက်ပေးပြောကြားခဲ့ခြင်းဖြစ်သည်။ အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်နှင့် အီရန်တို့သည် ဧပြီလမှဇွန်လအတွင်း ငါးကြိမ်တိုင်ဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

ခြောက်ကြိမ်မြောက် ဆွေးနွေးပွဲမှာ အစ္စရေး၏ အီရန်အပေါ် ရုတ်တရက် လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်ပြယ်သွားခဲ့သည်။ အစ္စရေးနှင့်အီရန် ၁၂ ရက်ကြာ ပဋိပက္ခအပြီးတွင် အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန် အထူးသံတမန် စတိဝစ်ကော့ဖ်နှင့် အမြင်များဆက်လက်ဖလှယ်ခဲ့ကြကြောင်း အာရက်ဂ်ချီကပြောသည်။

တရားမျှတသော ဆွေးနွေးညှိနှိုင်းမှုများအတွက် အဆင်သင့်ဖြစ်သော်လည်း အမိန့်အာဏာဖြင့်စေခိုင်းမှုအတွက် အဆင်သင့်မဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ ယူရေနီယံသန့်စင်မှုကို စွန့်လွှတ်ရန် အမေရိကန်က တောင်းဆိုသော်လည်း နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်အောက်ရှိ အဖွဲ့ဝင်နိုင်ငံများသည် နျူကလီးယားနည်းပညာကိုငြိမ်းချမ်းစွာအသုံးပြုခွင့်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ဆန်ဖရန်စစ္စကိုမြို့၌ အိမ်ထောင်စု ၁၃၀၀၀၀ ခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်

**ဆန်ဖရန်ဆစ္စကို ဒီဇင်ဘာ ၂၁**

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့အတွင်း ဒီဇင်ဘာ ၂၀ ရက်က ကြီးမားသည့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသဖြင့် အိမ်ထောင်စုနှင့် စီးပွားရေးလုပ်ငန်း ၁၃၀၀၀၀ ခန့်ကို ထိခိုက်စေခဲ့ကြောင်း သို့မဟုတ် ပစိဖိတ်ဓာတ်ငွေ့နှင့် လျှပ်စစ်ကုမ္ပဏီ (Pacific Gas and Electric Company-PG&E)က ဝန်ဆောင်မှုပေးသည့် အကြမ်းအားဖြင့် သုံးပုံတစ်ပုံကို ထိခိုက်စေခဲ့ကြောင်း သိရသည်။

မြို့အတွင်း နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က ပထမလျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပွားသည်ဟု ထုတ်ပြန်ထားပြီး ဒေသခံများနှင့် ဈေးဝယ်သူ ၁၅၀၀၀ ခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်စေကြောင်း PG&E ၏ ဝက်ဘ်ဆိုက်က ထုတ်ပြန်ထားသည်။

အလားတူ ဒုတိယအကြိမ်လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမှာ နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က စတင်ဖြစ်ပွားပြီး ဈေးဝယ်သူ ၂၅၀၀၀ ခန့် ဓာတ်အားပြတ်တောက်မှုနှင့်ကြုံတွေ့ခဲ့ရကြောင်း သိရသည်။



မြို့အတွင်း ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက PG&E ဓာတ်အားခွဲရုံတစ်ခုအတွင်း မီးလောင်မှုဖြစ်ပွားသဖြင့် အနည်းငယ် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်စေခဲ့ကြောင်း ဆန်ဖရန်စစ္စကိုမီးသတ်ဌာနက ပြောကြားသည်။

ဆန်ဖရန်စစ္စကိုမြို့၌ လူပေါင်း ၁၃၀၀၀၀ မှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သည့်အတွက် မြို့တာဝန်ရှိသူများနှင့် အတူ ဆောင်ရွက်ခဲ့ကြောင်း လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် PG&E က ပြောကြားသည်။ **ဆင်ဟွာ**

## တောင်အာဖရိကနိုင်ငံ၌ ပစ်ခတ်မှုဖြစ်ပွား ကိုးဦးထက်မနည်း သေဆုံး

**ဂျိုဟန်နက်စ်ဘတ် ဒီဇင်ဘာ ၂၁**

တောင်အာဖရိကနိုင်ငံ၏ အကြီးဆုံးမြို့တော်လည်းဖြစ် စီးပွားရေးဗဟိုချက်လည်းဖြစ်သော ဂျိုဟန်နက်စ်ဘတ်အနီး ဘက်ခ်ကာစဒါလ်မြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် ကိုးဦးထက်မနည်းသေဆုံးကာ အခြား ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒီဇင်ဘာ ၂၁ ရက်တွင် ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောသည်။

တောင်အာဖရိကရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဒေသစံတော်ချိန် နံနက် ၁ နာရီဝန်းကျင်က အဆိုပါ ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ အဖြူရောင်ဗန်ကားတစ်စီးနှင့် ငွေရောင်အိမ်စီးကားထဲတွင် လိုက်ပါလာသည့် သံသယရှိသူ ၁၂ ဦးခန့်က စားသောက်ဆိုင်အတွင်းရှိ ဧည့်သည်များကို သေနတ်ဖြင့်စတင်ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။ အခင်းဖြစ်ပွားသည့်နေရာမှ ထွက်ပြေးချိန်တွင်လည်း ဦးတည်ရာမဲ့ ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ပစ်ခတ်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။ **ဆင်ဟွာ**

## အာကာသနည်းပညာကုမ္ပဏီက ဘီးတပ်ကုလားထိုင် အသုံးပြုသူတစ်ဦးကို ပထမဆုံးအကြိမ် အာကာသသို့ပို့ဆောင်

**နယူးယောက် ဒီဇင်ဘာ ၂၁**

အမေရိကန် အာကာသနည်းပညာကုမ္ပဏီဖြစ်သည့် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ဒီဇင်ဘာ ၂၀ ရက်ကဘီးတပ်ကုလားထိုင် အသုံးပြုသူတစ်ဦးကို ပထမဆုံးအကြိမ်အဖြစ် အာကာသသို့ ပို့ဆောင်ပေးခဲ့ကာ သမိုင်းဝင်မှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။

တက္ကဆက်ပြည်နယ်အနောက်ပိုင်း အာကာသယာဉ်လွှတ်တင်ရေးနေရာမှ အမှုထမ်းခြောက်ဦးလိုက်ပါသည့် NS-37 အာကာသယာဉ်ကို ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၆ မိနစ်တွင် လွှတ်တင်ခဲ့သည်။ ၎င်းတို့ထဲတွင် ဥရောပအာကာသအေဂျင်စီ (အီအက်စ်အေ) ၏ အာကာသယာဉ်နှင့် မက္ကထရောနစ် အင်ဂျင်နီယာ မီချယ်လာ ဘန်သက်စ်လည်း ပါဝင်သည်။

၎င်းသည် ၂၀၁၈ ခုနှစ်က တောင်တက်စက်ဘီးစီးစဉ် ရရှိခဲ့သည့် ဒဏ်ရာကြောင့် ကြောရိုးဒဏ်ရာရရှိခဲ့ပြီး ဘီးတပ်ကုလားထိုင်ကို အသုံးပြုနေရသူလည်းဖြစ်သည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်၌ မီးလောင်မှုဖြစ်၊ အမေရိကန်ဒေါ်လာခုနစ်သိန်းခန့် တန်ဖိုးရှိပစ္စည်းများ ဆုံးရှုံး

**ကဘူးလ် ဒီဇင်ဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်ရှိ လက်ကားဖိနပ်ဈေးတစ်ခု၌ ဒီဇင်ဘာ ၂၁ ရက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားသဖြင့် အမေရိကန်ဒေါ်လာ ခုနစ်သိန်းခန့် တန်ဖိုးရှိကုန်ပစ္စည်းများ ပျက်စီးသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်၌ မီးလောင်မှုကြောင့် ကုန်လှောင်ရုံ ၁၀ ခုနှင့် ဈေးဆိုင်ရှစ်ခုမှာ မီးလောင်သွားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ မီးသတ်အဖွဲ့များက မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီး နောက်ထပ်ခန့်မှန်းခြေဆုံးရှုံးမှု အာဖဂန်နီ သန်း ၁၅၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆ သန်းခန့်) ကို ကာကွယ်နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ကဘူးလ် မြို့လယ်၌ တည်ရှိသည့် မီးလောင်မှုဖြစ်ပွားသည့်ဒေသမှာ အာဖဂန်နစ္စတန်နိုင်ငံ၏ အကြီးဆုံးစီးပွားရေးဈေးကွက်ဟု ယူဆရကြောင်း၊ နိုင်ငံတစ်ဝန်း ထောင်နှင့်ချီသည့် ပြည်သူများသည် ၎င်းတို့၏ စီးပွားဖြစ်ကုန်ပစ္စည်းများနှင့် မရှိမဖြစ်လိုအပ်သည့် ပစ္စည်းများရရှိရန် အဆိုပါဈေးသို့ နေ့စဉ်လာရောက်လျက်ရှိသည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ ကျိုက်အမတနန်းဦးစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲတက်ရောက်



မော်လမြိုင် ဒီဇင်ဘာ ၂၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ၌ တည်ထားကိုးကွယ်သည့် ကျိုက်အမတနန်းဦးစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၏ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ဧည့်ပရိသတ်များက မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကျိုက်အမတနန်းဦး စေတီတော်မြတ်ကြီး အထွတ်တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်မြတ်နှင့် ငှက်မြတ်နားတော်တို့ကို ကြွရောက်ချီးမြှင့်ကြသော ဩဝါဒစရိယ ဆရာတော်ကြီးများထံ လှူဒါန်းပူဇော်ခံပြီး အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သာသနာ့ဝန်ဆောင် ဩဝါဒါစရိယဆရာတော် သံဃာတော် အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ပေးသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညိုကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျိုက်အမတနန်းဦး စေတီတော်မြတ်ကြီးထံ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် စေတီတော်မြတ်ကြီး အထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော်ကြီးများအမှူးပြု၍ ပြည်နယ်ဝန်ကြီးချုပ်က ကျိုက်အမတ နန်းဦးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာပြုလုပ်ကြပြီး ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။ ပြည်နယ်(ပြန်/ဆက်)

# တောင်ကြီးမြို့၌ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ထလီ - ထီဖောင်း(မြောက်)မြစိမ်း - TGC ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

တောင်ကြီး ဒီဇင်ဘာ ၂၁

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြိုင်ပွဲဝင်အသင်းများအား အရောင်လေးရောင် ခွဲခြားသတ်မှတ်ကာ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် မီနီမာရသွန်ပြိုင်ပွဲကို ပြည်နယ်အားကစားကွင်းမှ စတင်ထွက်ခွာပြီး ရုံးကြီးလမ်းဟောင်းမှ လွှတ်တော်ရုံးလမ်းတွင်ကွေ့၍ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီး တစ်လျှောက်၊ တောင်ကြီးမြို့ရှောင်လမ်းရှေ့မှကွေ့၍ ပြည်နယ်အားကစားကွင်းအထိပြေးကာ ပန်းဝင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အငယ်တန်းအဆင့် အမျိုးသမီး၊ အမျိုးသားအဆင့် ၁၁ မှ ၂၀ အထိ ဆုရရှိသူများကို နည်းပညာတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ်ကလည်းကောင်း၊ အဆင့် ၆ မှ ၁၀ အထိ ဆုရရှိသူများကို ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ်က လည်းကောင်း၊ ပဉ္စမ၊ စတုတ္ထဆုရရှိသူများကို တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်ကလည်းကောင်း၊ တတိယနှင့် ဒုတိယဆုရရှိသူများကို ရှမ်းပြည်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ကလည်းကောင်း၊ ပထမဆုရရှိသူများကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက လည်းကောင်း၊ အကြီးတန်းအဆင့် အမျိုးသမီး၊ အမျိုးသား အဆင့် ၁၁ မှ ၂၀ အထိ ဆုရရှိသူများကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လည်းကောင်း၊ အဆင့် ၆ မှ ၁၀ အထိနှင့် ပဉ္စမ၊ စတုတ္ထဆုရရှိသူများကို ပြည်နယ်လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ တတိယဆုရရှိသူများကို ပြည်နယ်စီးပွားရေးရာဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ အထူးဂုဏ်ပြုဆုနှင့် အကြီးတန်းအဆင့် အမျိုးသမီး၊ အမျိုးသား ပထမဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ထလီ – ထီဖောင်း (မြောက်) မြစိမ်း – TGC ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ကတ္တရာလမ်းသစ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် TGC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကတ္တရာလမ်းအား ဖြတ်သန်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# အမျိုးသားအဆင့် အိုင်စီတီ စွမ်းရည်ဆုပြိုင်ပွဲ - ၂၀၂၅ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားအဆင့် အိုင်စီတီစွမ်းရည်ဆုပြိုင်ပွဲ–၂၀၂၅ National ICT Award 2025 (Educational Project and Skills Competition) တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ ဗဟိုအဆင့်ပြိုင်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာထက်တန်းကျောင်းရှိ သီရိရတနာခန်းမ၌ကျင်းပရာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်၊ ဆရာအဆင့် / စီမံရေးရာဝန်ထမ်းအဆင့် ပြိုင်ပွဲများသို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အဖွဲ့ပေါင်း ၅၅ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပညာရေး ဝန်ကြီးဌာနနှင့်



မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ပူးပေါင်းပြီး ၂၀၀၄ ခုနှစ်မှစတင်၍ ပညာရေးကဏ္ဍတွင် ICT နည်းပညာများကို အပြည့်အဝအသုံးချနိုင်စေရန်၊ ICT နယ်ပယ်တွင် ထူးချွန်ထက်မြက်သော မြန်မာလူငယ်ပညာရှင်များ ပေါ်ပေါက်လာစေရန်၊ ဆရာ ဆရာမများအနေဖြင့် ICT နည်းပညာ ပိုမိုကျွမ်းကျင်လာစေရန်နှင့် သင်ကြားသင်ယူမှုတွင် ICT အထောက်အကူပြုသင်ခန်းစာများ ဖန်တီးသင်ကြားလာနိုင်စေရန်၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်နိုင်သော ပညာရှင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အနေဖြင့် တွေးခေါ်မြော်မြင်မှု၊ နည်းပညာနှင့် စီမံခန့်ခွဲရေးတို့တွင် ထူးခြားထက်မြက်သည့် လူငယ်များ၏ စွမ်းရည်များအား ဖော်ထုတ်ပံ့ပိုးပေးရန် ပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ Digital Economy Development, MSME, Legal Infrastructure, e–Education နှင့် e–Government အကောင်အထည် ဖော်ဆောင်နိုင်ရေးတို့ကို အထူးဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ တို့တွင် ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၂၂ ရက်တွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ–

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရွှေတောင်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) လက်တွေ့ကိုင်တွယ်အသုံးပြုနည်း မွမ်းမံသင်တန်းဖွင့်

**ရွှေတောင် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ်ခန်းမ၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) လက်တွေ့ကိုင်တွယ် အသုံးပြုနည်း မွမ်းမံသင်တန်းကို ဖွင့်လှစ်သည်။ **(အောက်ပုံ)**



အဆိုပါ သင်တန်းတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကြည်မြက အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် တစ်ချက်အပါအဝင် ဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုသည့် အတိုင်း ရွှေတောင်မြို့နယ် အနေဖြင့် ရွေးကောက်ပွဲကျင်းပမည့် အပိုင်း (၁) တွင် ပါဝင်သောကြောင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရန်နှင့် MEVM မဲပေးစက်အကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ထပ်ဆင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးမြင့်ဌေးက မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့ကိုင်တွယ်အသုံးပြုခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## တောင်ကြီးမြို့၌ "ဒို့အတူတူမဲပေးကြမယ်" ရွေးကောက်ပွဲလှုံ့ဆော်လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်

**တောင်ကြီး ဒီဇင်ဘာ ၂၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံးပါဝင် မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ တို့အတူတူ မဲပေးကြမယ် ရွေးကောက်ပွဲလှုံ့ဆော်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စတစ်ကာများကပ်ပေးခြင်း ကမ်ပိန်းကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်ချုပ်အောင်ဆန်းလမ်း မြန်မာစီးပွားရေးဘဏ်အရှေ့ မီးပွိုင့်လမ်းဆုံ၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်နှင့်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ ခရီးသည်များ၊ မိဘပြည်သူများအား ရွေးကောက်ပွဲလှုံ့ဆော် "ဒို့အတူတူ မဲပေးကြမယ်"လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကား၊ မော်တော်ဆိုင်ကယ်များအား စတစ်ကာများ ကပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စိုင်းသန်းကျော်(တောင်ကြီး)**





ပျော်ဘွယ်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးနှင့်တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၉ ရက်က မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်၍ မီးဘေးရှောင်ရန်/ဆောင်ရန်များ လိုက်လံအသိပေးနှိုးဆော်စဉ်။ မြို့နယ်(ပြန်/ဆက်)



တံတားဦးမြို့နယ် စကားအင်းကျေးရွာအုပ်စုရှိမဲရုံများနှင့် မဲရုံပတ်ဝန်းကျင်အနီး မီးလောင်မီးလန့်မှုမဖြစ်ပွားစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူအောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြို အမှတ်(၉၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဖလားဘောလုံး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အမှတ်(၉၃)ရပ်ကွက် စိမ်းလဲ့ကန်သာလမ်းနှင့် ဗေဒါလမ်း ရှေ့ အားကစားကွင်း၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ အတွင်းရေးမှူး ရဲမှူးမြင့်ခိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးမြတ်သူရွှေ၊ မြို့နယ်အားကစားမှူး ဒေါ်ဇာခြည်စိုးငြိမ်း၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးဇော်မျိုးထိုက်နှင့် အမှတ်(၉၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးမြင့်ခိုင်က အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်ကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်ရွတ်ဆို၍ ပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက ပန်းဖွားအကဖြင့် ဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးမြတ်သူရွှေက ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာသူများက ပွဲစဉ်(၁) ယှဉ်ပြိုင်နေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လွိုင်လင်၊ ဟိုပုံး၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဒီဇင်ဘာ ၂၀ ရက်က ဘိန်းစိုက်ခင်း ၂၅၃ ဧကခန့်ကို ဖျက်ဆီးခြင်းများ ဆောင်ရွက်သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၀ ရက် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီခွဲအထိ လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် တောင်ပါခါးကျေးရွာ၏ အနောက်တောင်ဘက် ခြောက်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၆၆ ဧကခန့်ကိုလည်းကောင်း။

အလားတူ နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ အထိ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် ထီကတူးကျေးရွာ၏အရှေ့ဘက် နှစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်းဧ ၅၀ ခန့်နှင့် ထီကတူးကျေးရွာ၏မြောက်ဘက်တစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်းဧက ၃၀ ခန့်တို့ကို လည်းကောင်း။

အလားတူ နံနက် ၈ နာရီ မိနစ် ၅၀ မှ ညနေ ၄ နာရီ ၄၅ မိနစ်အထိ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် လိုက်ကန်ကျေးရွာ၏အရှေ့မြောက်ဘက် ငါးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၃ ဧကခန့်ကို လည်းကောင်း။

အလားတူ နံနက် ၉ နာရီမှ ညနေ ၄ နာရီ မိနစ် ၅၀ အထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် ထာဝိုကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၄၇ ဧက ခန့်နှင့် ထီယွန်းကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခွဲခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်တို့ကို လည်းကောင်း။



အလားတူ နံနက် ၉ နာရီ မိနစ် ၅၀ မှ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်အထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် လွယ်ဆောင်ကျေးရွာ၏အနောက်ဘက် လေးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်နှင့် လွယ်ဆောင်ကျေးရွာ၏ အနောက်ဘက် ခြောက်မိုင်ခွဲခန့် အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ငါးဧကခန့်တို့ကို လည်းကောင်း ဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(တတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သော အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူ စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည်။



၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို ဘားအံတပ်နယ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်း တန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌ လည်းကောင်း ကျင်းပကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခြောက်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှတစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့ ၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

○ *ကျောဖုံးမှ*

ပွဲချိန်ပြည့်သည်အထိ အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ဒုတိယပိုင်းပွဲချိန်များတွင် ဂိုးရရှိနိုင်သည့် အခွင့်အရေး နှစ်ကြိမ်ထက်မနည်း ဖန်တီးနိုင်ခဲ့သော်လည်း သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်စွမ်း မရှိခဲ့ပေ။ အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် အသင်းအမိက တိုက်စစ်ကစားသမား ယိုကာရက်စ်က သွင်းယူပေးခဲ့သည်။

အာဆင်နယ် အသင်းသည် ယခုအနိုင်ပွဲကြောင့် ၁၇ ပွဲကစားပြီး ၁၂ ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်နှင့်အတူ ရမှတ် ၃၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက်အဲဗာတန်အသင်းက နှစ်ပွဲဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ အဲဗာတန်အသင်းသည် ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်ဆီးအသင်းနှင့် ပွဲစဉ်တွင်လည်း နှစ်ဂိုးပြတ် ရှုံးနိမ့်ထားသည်။

အခြားပွဲစဉ် ရလဒ်များတွင် မန်စီးတီးက ဝက်စ်ဟမ်းအသင်းကို သုံးဂိုးပြတ်၊ ဘရန့်ဖို့ဒ်က ဝုဖ်ကို နှစ်ဂိုးပြတ်၊ လိဒ်စ်က ခရစ္စတယ်ပဲလေ့စ်အသင်းကို လေးဂိုး-တစ်ဂိုး၊ လီဗာပူးက စပါးကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဝုဖ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် လိဂ်ရှုံးပွဲ ၁၅ ပွဲအထိ ရှိလာပြီဖြစ်သည်။ နယူးကာဆယ်နှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို ဘုန်းမောက်နှင့် ဘန်လေအသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ **အောင်ဇော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့်အတွက် သိမ်းဆည်းချိပ်ပိတ်ထားသော အဆောက်အအုံ။

❑ *ကျော့ဖုံးမှ*

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၈၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်း ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ်အဆောက်အအုံ ခုနစ်လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့သဖြင့် ယနေ့အချိန်ထိ အဆောက်အအုံ စုစုပေါင်း ၄၄၅ လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအနက်မှ အွန်လိုင်း လောင်းကစားကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံးအား စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ယနေ့တွင် အဆောက်အအုံလေးလုံးကို စတင်ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလောင်းကစားကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့မြင်ရစဉ်။



တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်ခိုအောင်းနေထိုင်နိုင်သည့် အဆောက်အအုံများကို ရှင်းလင်းနေမှုအား တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံ။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံများ လေအိုးမီးအိုးဖြင့် ဖြိုချဖျက်ဆီးနေမှုအား တွေ့မြင်ရစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးစဉ်။



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်)များအကြောင်း အသေးစိတ်ဆက်လက်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Abstract Noun (စိတ္တဇနာမ်)အကြောင်း ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about agreeing (သဘောတူတာကို ဘယ်လိုပြောမလဲ)ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ကောင်းခြင်းမင်္ဂလာအပေါင်းနဲ့ ပြည့်စုံစေမယ့် ၂၀၂၆ ခုနှစ် နှစ်သစ်ကို ဝင်ရောက်တော့မယ့်အချိန်မှာ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Collective Noun Exercise–1 မှ အဖြေများ**

| | | | |
|---|---|---|---|
| 1. company | 2. bouquet | 3. packet | 4. suit |
| 5. herd | 6. troupe | 7. panel | 8. pride |
| 9. fleet | 10. bunch | | |

**Concrete Noun in the sentence**

- An *apple* is placed on the *dining table*.
  ပန်းသီးတစ်လုံးကို ထမင်းစားပွဲပေါ်တင်ထားတယ်။
- I can see a lot of *bookcases* in the *library*.
  စာကြည့်တိုက်မှာ စာအုပ်ဗီရိုတွေအများကြီး ကျွန်တော်တွေ့တယ်။
- A *baby boy* is playing on the *couch*.
  ကလေးငယ်လေးတစ်ဦး ကွပ်ပျစ်ပေါ်တွင် ကစားနေတယ်။
- I put my *pen* on the *table*.
  ကျွန်တော့်ဘောလ်ပင်ကို စားပွဲပေါ်မှာ တင်ခဲ့တယ်။
- A *cat* ran across the *garden* and climbed the *fence*.
  ကြောင်တစ်ကောင် ပန်းခြံကိုဖြတ်ပြီး ခြံစည်းရိုးကို တက်ခဲ့တယ်။
- The *tree* in our *yard* is growing taller every day.
  ကျွန်တော့်ခြံဝင်းထဲမှာရှိတဲ့ သစ်ပင်ဟာ တဖြည်းဖြည်းကြီးလာတယ်။
- She lost her *keys* again.
  သူ(မ) သော့ပျောက်ပြန်ပြီ။
- I hear the *music* from next door.
  အိမ်နီးချင်းထံမှ သီချင်းသံကြားရတယ်။
- We need more *chairs* for the *guests*.
  ဧည့်သည်တွေအတွက် ကုလားထိုင်တွေ ပိုလိုတယ်။

**Exercise (1) Underline the concrete nouns.**

1. The aroma of freshly baked cookies filled the kitchen.
2. The barn was on fire.
3. The crossbow was loaded with an arrow.
4. There is a rainbow in the sky.
5. The forks and spoons were arranged on the table.
6. The soup was creamy and spicy.
7. The door and windows were left open.
8. Children love bubbles.
9. The dolphins danced to the tune of the waves.
10. The old engine puffed out smoke.

**Note: A concrete noun names things that you can touch, taste, smell, hear, or see.**

(ကိုင်တွယ်လို့ရတာ၊ ထိတွေ့လို့ရတာ၊ ခံစားလို့ရတာ၊ အနံ့ရတာ၊ မြင်တာ၊ ကြားတာတွေဟာ Concrete Noun တွေပါပဲ။)

**6. Abstract Noun (စိတ္တဇနာမ်)**

**ထိတွေ့၊ ကိုင်တွယ်၊ စမ်းသပ်၍မရဘဲ စိတ်ဖြင့်သာ ခံစားသိနိုင်သော Noun (နာမ်)များကို စိတ္တဇနာမ်ဟု ခေါ်သည်။ စိတ္တဇနာမ်များသည် အရည်အသွေး၊ စိတ်ကူးစိတ်သန်း၊ ခံစားချက်၊ အယူအဆနှင့် အတွေ့အကြုံတို့ကို ဖော်ပြသည်။ ဥပမာ –**

- love (အချစ်၊ ချစ်ခြင်း)
- fear (ကြောက်ရွံ့မှု၊ ကြောက်ခြင်း)
- honest (ရိုးသားခြင်း)
- patience (စိတ်ရှည်ခြင်း)
- cruelty (ရက်စက်ကြမ်းကြုတ်ခြင်း)
- courage (သတ္တိ၊ သတ္တိရှိခြင်း)

**Abstract Noun in the sentence**

- He has great *strength*.
  သူ့မှာ တကယ့်ကိုကြီးမားတဲ့ အားအင်တွေရှိတယ်။
- Who killed President Kennedy is a real *mystery*.
  အမေရိကန်သမ္မတ ကနေဒီကို ဘယ်သူသတ်လိုက်တာလဲဆိုတာ လျှို့ဝှက်ဆန်းကြယ်မှုတစ်ခုပဲ။
- Sometimes it takes *courage* to tell the *truth*.
  တစ်ခါတစ်ရံမှာ အမှန်တရားကို ပြောဖို့ သတ္တိလိုတယ်။
- Their lives were full of *sadness*.
  သူတို့ရဲ့ဘဝတွေဟာ ဝမ်းနည်းမှုတွေနဲ့ ပြည့်နေတယ်။
- Try to control your *emotions*.
  မင်းရဲ့စိတ်ခံစားချက်တွေကို ကြိုးစားပြီးထိန်းချုပ်ပါ။
- *Justice* must prevail.
  တရားမျှတမှု ပျံ့နှံ့တည်ရှိပါစေ။ တရားမျှတမှုလွှမ်းမိုးပါစေ။
- They fought for *freedom*.
  လွတ်လပ်ရေးအတွက် သူတို့တိုက်ပွဲဝင်ခဲ့တယ်။
- She showed great *bravery* during the storm.
  မုန်တိုင်းတိုက်ချိန်မှာ သူ(မ)ဟာ ကြီးမားတဲ့ ရဲစွမ်းသတ္တိကို ပြခဲ့တယ်။
- *Truth*, *beauty*, and *knowledge* are valuable.
  အမှန်တရား၊ အလှအပနဲ့ ဉာဏ်ပညာဟာ တန်ဖိုးရှိတယ်။

## Vocabulary Enrichment Programme

1. **to hit the nail on the head = (မှန်တာကိုပြောသည်။ လုပ်သည်။)**
   You hit the nail on the head with your proposal at the staff meeting yesterday.
   မနေ့က ဝန်ထမ်းအစည်းအဝေးမှာ မင်းရဲ့ အဆိုပြုတင်ပြချက်နဲ့ ပတ်သက်ပြီး မင်းမှန်တာကို လုပ်ခဲ့တာပဲ။
2. **to be caught napping = (အငိုက်မိသည်။)**
   When the problem appeared again, the government was caught napping.
   နောက်ထပ်ပြဿနာထပ်ဖြစ်လာတော့ အစိုးရ အငိုက်မိသွားခဲ့တယ်။
3. **a near/close thing = (ပွတ်ကာသီကာ၊ တဲတဲကလေး)**
   We managed to win, but it was a near/close thing.
   ငါတို့ ပွတ်ကာသီကာလေးနိုင်ခဲ့တယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



**How to talk about agreeing (သဘောတူတာကို ဘယ်လိုပြောမလဲ)**

- *yes*
- *that's true*
- *that's right*
- *so do I*
- *I'm with you there!*
- *I agree*
- *We are all agreed that …*
- *I agree with you up to a point*
- *I suppose so*

၁။ တစ်စုံတစ်ယောက်နဲ့ သဘောထားချင်းတိုက်ဆိုင်တဲ့အခါ သို့မဟုတ် သဘောထားချင်းထပ်တူကျတဲ့အခါ၊ သူများပြောတာကို ကိုယ်က သဘောတူတဲ့အခါ yes ဆိုပြီး ပြောပါတယ်။ တစ်ခါတစ်ရံမှာ yes ဆိုပြီး ပြောလိုက်တဲ့နောက်မှာ ဘာကြောင့် yes ဆိုပြီး ပြောလိုက်သလဲဆိုတဲ့ ရှင်းလင်းချက်ပေးနိုင်ပါတယ်။ ဥပမာ။

- That was a wonderful meal.
  Yes, it was. Jane is such a good cook.
- I think we should go fairly soon.
  Yes. We want to avoid the rush hour.

လှိုက်လှိုက်လှဲလှဲသဘောတူတာကို ဖော်ပြရင်တော့ Adverb (နာမဝိသေသန)စကားလုံးတွေဖြစ်တဲ့ absolutely, quite သို့မဟုတ် exactly ကို သုံးနိုင်ပါတယ်။ ဥပမာ။

- The students must be told to work harder.
  Yes, absolutely. Otherwise they will fall the exams.
- A new supermarket will take business away from the shops in the town centre.
  Exactly.

၂။ တစ်စုံတစ်ယောက်ပြောတဲ့ အကြောင်းအရာတစ်ခုကို သဘောတူတယ်လို့ပြောချင်ရင် that's true ကို သုံးပါတယ်။ ဥပမာ။

- The truancy problem in the school is obviously getting worse.
  That's true.

သဘောတူတာကို ဖော်ပြတဲ့အခါ that's true အစား that's right ကိုလည်းသုံးပါတယ်။ ဥပမာ။

- There are several students in the school who are just as bright as Tom.
  That's right. In fact, I think one or two of them are brighter.

၃။ တစ်ယောက်ယောက်ပြောတာကို သဘောတူတဲ့အကြောင်း ပြောချင်ရင် နောက်တစ်မျိုးအနေနဲ့ so do I ကို သုံးပါတယ်။ ဥပမာ။

- I think that Sue's new boyfriend is very nice.
  So do I. He's very handsome too.

တစ်ခါတစ်ရံမှာ So do I အစား I do too ကို သုံးပါတယ်။ ဥပမာ။

- I love Italian food.
  I do too. Let's book a table at that new Italian restaurant down the road.

၄။ နောက်တစ်မျိုး သဘောတူတဲ့အကြောင်း ပြောချင်ရင် I'm with you there ကို သုံးပါတယ်။ ဥပမာ။

- I think James deserve to go to prison, even if he is a friend.
  I'm with you there! What he did was a criminal act.

၅။ I agree ကိုအပိုဖြည့်စွက်ပြောဟန်လေးနဲ့လည်း သဘောတူတဲ့အကြောင်း ပြောနိုင်ပါသေးတယ်။ ပိုပြီးလေးနက်စေချင်ရင်တော့ I quite agree ကို သုံးပါတယ်။ ဥပမာ။

- It's too cold for the children to play outside today.
  I agree. Let's organize some indoor games.
- I think Jim is the best applicant and that we should offer him the job immediately.
  I quite agree.

၆။ ကိုယ်နဲ့ တခြားသူတွေအားလုံးက အကြောင်းအရာတစ်ခုခုအပေါ် သဘောတူရင် အမြင်တူရင် we are all agreed that … ကို သုံးပါတယ်။ ဥပမာ။

- We are all agreed that we should postpone making a decision on the new building until we have more information.

ဒီနေရာမှာ နောက်တစ်မျိုးအနေနဲ့ အကြောင်းအရာတစ်ခုခုအပေါ် တူညီတဲ့ ဘုံသဘောတူညီချက် သို့မဟုတ် ဘုံအမြင်ရှိတယ်ဆိုရင် there's a general consensus that … ကိုသုံးပါတယ်။ ဥပမာ။

- There is a general consensus among the parents that the school should provide more sports facilities.

၇။ တစ်စုံတစ်ယောက်နဲ့ အကြောင်းအရာတစ်ခုခုအပေါ် အတိုင်းအတာတစ်ခုအထိ သဘောတူတယ်ဆိုပြီးပြောချင်ရင် I agree with you up to a point ဆိုပြီး ပြောပါတယ်။ ဥပမာ။

- The boy's behavior is quite unacceptable and he deserves to be punished severely.
  I agree with you up to a point, but I think we should take into consideration his abusive family background. He needs help.

၈။ I agree with you completely သို့မဟုတ် I agree with you wholeheartedly ဆိုတဲ့ စကားစုကို လုံးဝသဘောတူတဲ့အခါ စိတ်ရောကိုယ်ပါ သဘောတူတဲ့အခါမှာ သုံးပါတယ်။ ဥပမာ။

- I think that Tom behaved disgracefully.
  I agree with you completely.

၉။ သဘောမတူချင့် တူချင် အင်တင်တင်ဖြင့် သဘောတူတဲ့အခါ I suppose so ကို သုံးပါတယ်။ ဥပမာ။

- Jack must be punished.
  I suppose so, although I don't think he meant to hurt John.

**A new boyfriend**

**Alice:** I don't really like Jane's new boyfriend.
**Anne:** Nor do I. There's something about him I don't trust.
**Sue:** *I'm with you there.* And he seems a bit secretive.
**May:** *That's true.* I much prefer Tom.
**Alice:** *So do I.* I can't think why Jane dumped him.

SUPERCOPPA

အီတလီစူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် နာပိုလီနဲ့ ဘိုလော့ဂ်နာ အသင်းတို့ ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက နိုင်ပွဲရယူသွားမလဲ လက်မလွှတ်တမ်းစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**စူပါဖလား ဗိုလ်လုပွဲ**
၂၃-၁၂-၂၀၂၅ အင်္ဂါနေ့
နာပိုလီ - ဘိုလော့ဂ်နာ
နံနက် ၁း၃၀

# အီတလီစူပါဖလားဗိုလ်လုပွဲ ခြေရည်တူနှစ်သင်းတွေ့ဆုံ

**နာပိုလီ VS ဘိုလော့ဂ်နာ**

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဘိုလော့ဂ်နာ ၂ - ၀ နာပိုလီ

ခြေစွမ်းကောင်းပြသထားနိုင်တဲ့ အသင်းတွေ တွေ့ဆုံမှုဖြစ်တဲ့အပြင် ခြေရည်တူနှစ်သင်းတွေ့ဆုံမှုဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ နာပိုလီအသင်းမှာ ပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ဟွိုက်လန်း၊ နီရက်စ်၊ တွန်မီနေးတို့ရှိပြီး ဘိုလော့ဂ်နာအသင်းမှာလည်း မီရန်ဒါ၊ အော့ဆိုလီနီ၊ လူကမ်မီတို့လို ထိပ်တန်းအဆင့်ကစားသမားတွေရှိတယ်။ ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်တဲ့အသင်းထက် အခွင့်အရေး အသုံးချနိုင်တဲ့အသင်း အောင်ပွဲခံသွားနိုင်တယ်။

| နာပိုလီအသင်း နောက်ဆုံးနှစ်ပွဲရလဒ် |
|---|
| အူဒီးနိစ် ၁-၀ နာပိုလီ |
| နာပိုလီ ၂-၀ မီလန် |

| ဘိုလော့ဂ်နာအသင်း နောက်ဆုံးနှစ်ပွဲရလဒ် |
|---|
| ဘိုလော့ဂ်နာ ၀-၁ ဂျူဗင်တပ်စ် |
| ဘိုလော့ဂ်နာ ၁-၁ အင်တာ |

နာပိုလီအတွက် ဂိုးအများဆုံးသွင်းယူထားသူများ

| အမည် | | သွင်းဂိုး |
|---|---|---|
| အန်ဂစ်ဆာ | - | ၄ |
| ဟွိုက်လန်း | - | ၄ |
| ဒီဘရိုင်း | - | ၄ |
| နီရက်စ် | - | ၃ |





ဘိုလော့ဂ်နာအတွက် ဂိုးအများဆုံးသွင်းယူထားသူများ

| အမည် | | သွင်းဂိုး |
|---|---|---|
| အော့ဆိုလီနီ | - | ၆ |
| ကက်စထရို | - | ၄ |
| အော့ဂတ် | - | ၃ |
| နီကိုလို | - | ၂ |

Premier League

ပရီမီယာလိဂ်ပွဲစဉ် (၁၇) မှ ဖူလ်ဟမ်နဲ့ နော်တင်ဟမ်အသင်းပွဲစဉ်ကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ တန်းဆင်းဇုန်အထက်မှာ ရပ်တည်နေပြီး ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းဖော်ဆောင်သွားနိုင်မလဲ စိတ်ဝင်စားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# နော်တင်ဟမ်ရဲ့ ရှုန်းအားကြောင့် ဖူလ်ဟမ်အသင်း အခက်တွေ့နိုင်



**ဖူလ်ဟမ် VS နော်တင်ဟမ်** နံနက် ၂း၃၀

နောက်ဆုံးအကြိမ်တွေ့ဆုံမှု နော်တင်ဟမ် ၁ - ၃ ဖူလ်ဟမ်

ဖူလ်ဟမ်က ဒီရာသီမှာကစားခဲ့တဲ့ အိမ်ကွင်းရှစ်ပွဲမှာ လေးပွဲအထိ နိုင်ပွဲရအောင် စွမ်းဆောင်ထားတယ်။ ပြိုင်ဘက်နော်တင်ဟမ်က အဝေးကွင်းရှစ်ပွဲမှာ နှစ်ပွဲသာ နိုင်ပွဲရအောင် စွမ်းဆောင်ထားတယ်။ နော်တင်ဟမ်က ပြီးခဲ့တဲ့ပွဲမှာ စပါးကို ဂိုးပြတ်နိုင်ပွဲရရှိထားတယ်။ မည်သို့ပင်ဆိုစေ ဖူလ်ဟမ်က အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်မှုရှိတယ်ဆိုပေမယ့် နော်တင်ဟမ်ရဲ့ ရှုန်းအားကြောင့် အခက်တွေ့နိုင်ပြီး မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။



■ စောင့်ကြည့်ရမယ့်ကစားသမား
ဝီလ်ဆင်
ဖူလ်ဟမ် (ကွင်းလယ်)
သွင်းဂိုး = ၅

| ဖူလ်ဟမ်အသင်း နောက်ဆုံးသုံးပွဲရလဒ် |
|---|
| ဖူလ်ဟမ် ၁-၂ ပဲလေ့စ် |
| ဘန်လေ ၂-၃ ဖူလ်ဟမ် |
| ကာဆယ် ၂-၁ ဖူလ်ဟမ် |

| နော်တင်ဟမ်အသင်း နောက်ဆုံးသုံးပွဲရလဒ် |
|---|
| အဲဗာတန် ၃-၀ နော်တင်ဟမ် |
| Utrecht ၁-၂ နော်တင်ဟမ် |
| နော်တင်ဟမ်၃-၀ စပါး |

■ စောင့်ကြည့်ရမယ့်ကစားသမား
အိုဒွိုင်း
နော်တင်ဟမ် (တောင်ပံ)
သွင်းဂိုး = ၃



# စီးရီးအေပွဲစဉ် (၁၆) တွင် ဂျူဗင်တပ်စ်က ရိုးမားကို အနိုင်ရ

အီတလီစီးရီးအေပွဲစဉ် (၁၆) မှ စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် နာမည်ကြီး ဂျူဗင်တပ်စ်နှင့် ရိုးမားအသင်းပွဲစဉ်တွင် ဂျူဗင်တပ်စ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါပွဲစဉ်ကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က အလီးနက်ဇ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

ဂျူဗင်တပ်စ်အသင်းသည် မိနစ် ၇၀ အတွင်း ရိုးမားအသင်းကို နှစ်ဂိုးပြတ် ဦးဆောင်ထားနိုင်ခဲ့သော်လည်း ပွဲချိန် ၇၅ မိနစ်တွင် ချေပဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။

ရိုးမားအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးငါးပွဲတွင် ရှုံးပွဲ သုံးပွဲရှိလာပြီ ဖြစ်သည်။ ရိုးမားအသင်းသည် စီးရီးအေ ၁၆ ပွဲကစားပြီးချိန်တွင် တိုက်စစ်က ၁၇ ဂိုးသာသွင်းယူထားနိုင်သေးသည်။

အခြားပွဲစဉ်ရလဒ်များတွင် လာဇီယိုက တစ်ယောက်လျော့ ခရီမွန်းနိစ်အသင်းကို ဂိုးမရှိသရေကျခဲ့သလို ကက်ဂလီယာရီနှင့် ပီဆာအသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ဂါနာတောင်ပံကစားသမား ဆီမန်ညို (၂၅ နှစ်)သည် ဇန်နဝါရီတွင် ဘုန်းမောက်အသင်းမှ ထွက်ခွာခဲ့ပါက မန်စီးတီး၊ မန်ယူအသင်းတို့ထက် လီဗာပူးအသင်းသို့သာ ပြောင်းရွှေ့ဖွယ်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် မန်ယူနှင့် ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနို ဖာနန်ဒက်စ် (၃၁ နှစ်) ကို ပေါင် ၄၃ သန်းဖြင့် ကမ်းလှမ်းသွားရန် ပြင်ဆင်လျက်ရှိသည်။
- ဘာစီလိုနာအသင်းသည် အင်တာမီလန်နှင့် အီတလီခံစစ်ကစားသမား အဲလက်ဇန်ဒရို ဘတ်စတိုနီကို ခေါ်ယူရန် ဆန္ဒရှိနေသည်။

■ မိုးဇက်-စုစည်းရေးသားသည်

# ရီးရဲမက်ဒရစ်က ဘယ်လင်ဂမ်၊ အမ်ဘာပေတို့၏ သွင်းဂိုးများဖြင့် ဆီဗီလာကို ဂိုးပြတ်အနိုင်ရ



စပိန်လာလီဂါပွဲစဉ် (၁၇) အဖြစ် ဒီဇင်ဘာ ၂၁ ရက် နံနက် ၂ နာရီခွဲက ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲမက်ဒရစ်နှင့် ဆီဗီလာအသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်က နှစ်ဂိုးပြတ် အနိုင်ရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်သည့် ဘာစီလိုနာအသင်းကို ထက်ကြပ်မကွာ ဖိအားပေးနိုင်ခဲ့သည်။

ဆီဗီလာအသင်းသည် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။ ရီးရဲမက်ဒရစ်အသင်း ဂိုးသမား ကော့တွိုက်စ်သည် ဆီဗီလာအသင်း၏ အပိုင်အခွင့်အရေးများကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ၎င်းသည် ယခုပွဲစဉ် ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် လာလီဂါ ၁၈ ပွဲကစားပြီး ဂိုးမပေးရသည့်ပွဲ ရှစ်ပွဲရှိလာပြီ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းတိုက်စစ်ကစားသမား အမ်ဘာပေသည် ယခုပွဲစဉ်တွင် ပယ်နယ်တီမှ တစ်ဆင့် သွင်းဂိုးရရှိခဲ့သောကြောင့် ပြက္ခဒိန်တစ်နှစ်တာအတွင်း စီရော်နယ်ဒို၏ ၅၉ ဂိုး စံချိန်ကို လိုက်မီခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် အိုဆာဆူနာက အလက်ဗက်စ်ကို သုံးဂိုးပြတ်၊ အက်သလက်တီကိုမက်ဒရစ်အသင်းက ဂျီရိုနာကို သုံးဂိုးပြတ်ဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သည်။

# ဒီဇင်ဘာပိတ်ရက်အတွင်း ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်သူများပြား




**ငွေဆောင် ဒီဇင်ဘာ ၂၁** ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေသို့ ဒီဇင်ဘာလ အစိုးရရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် များစွာလာရောက်လည်ပတ်လျက်ရှိသည်။

ငွေဆောင် ကမ်းခြေသည် ကမ်းခြေသန့်ရှင်းသာယာလှပပြီး လည်ပတ်စရာနေရာ ပေါများသောကြောင့် ပြည်တွင်းသာမက ပြည်ပခရီးသွားဧည့်သည်များပါ စဉ်ဆက်မပြတ် လာရောက်အပန်းဖြေရာ ကမ်းခြေတစ်ခု ဖြစ်သည်။ ငွေဆောင်ကမ်းခြေမှ တစ်ဆင့် Speed Boat ဖြင့် ငွေဆောင်ဒေသ၏ အထင်ကရကျွန်းများအပြင် ချောင်းသာကမ်းခြေနှင့် ဂေါ်ရန်ဂျီကမ်းခြေသို့နေ့ချင်းပြန်သွားရောက်လည်ပတ်နိုင်ခြင်း၊ ဆင်စခန်းနှင့် night market တို့အပြင် လည်ပတ်ရန် နေရာပေါများခြင်း၊ တည်းခိုရန်ဟိုတယ်နှင့် တည်းခိုရိပ်သာ များစွာရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး နယ်မြေဒေသ အေးချမ်း လုံခြုံခြင်းတို့ကြောင့် ငွေဆောင်မြို့သို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုသည် နှစ်စဉ် တိုးတက်လျက်ရှိသည်။ ငွေဆောင်ကမ်းခြေသို့ ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တွင် ပြည်တွင်းခရီးသွားဧည့်သည် ၇၃၁၁ ဦး၊ ပြည်ပခရီးသွားဧည့်သည် ၁၁၂ ဦး စုစုပေါင်း ၇၄၂၃ ဦး လာရောက်လည်ပတ်လျက်ရှိသည်။

ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပစေရေး၊ ဈေးသည်များ သတ်မှတ် စည်းကမ်းနှင့်အညီ ရောင်းချစေရေးအတွက် မြို့အုပ်ချုပ်ရေးမှူးနှင့် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**

## မဲပေးစက်ပစ္စည်းများ သိမ်းဆည်းထားရှိသောနေရာများကို မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး




**ပခုက္ကူ ဒီဇင်ဘာ ၂၁** မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးစက်ပစ္စည်းများ သိမ်းဆည်းထားရှိသောနေရာများကို မီးဘေးလုံခြုံရေးအတွက် ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်အင်ဂျင်နီယာရုံး(ပခုက္ကူ)မှ ဝန်ထမ်းများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ မဲပေးစက်ပစ္စည်းထားရှိသော နေရာများကို အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းများ၊ လျှပ်စစ်မီးကြိုးများ၊ ဆိုလာနှင့် လျှပ်စစ်ပစ္စည်းများ ကောင်းမွန်မှု ရှိ မရှိအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကယ်ရီမောင်**



ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး ပြည်သူများအားလုံးပါဝင်၍ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး "ဒို့အတူတူမဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၂၀ ရက်က သန်လျင်မြို့ အထက(၁) ရတနာရှင်းသန့်ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ ဖြန့်ဝေပေးစဉ်။ သန်းဝင်း(သန်လျင်)

## လားရှိုးမြို့၌ ဒီဇင်ဘာအားကစားလ တတိယပတ်လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

**လားရှိုး ဒီဇင်ဘာ ၂၁** ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)က ကြီးမှူး၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပရာ မြို့တော်ခန်းမရှေ့စုရပ်မှ ပြည်ထောင်စုအားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့သည်။



အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများပါဝင်လမ်းလျှောက်ခဲ့ကြပြီး အတွဲ(၁)နှင့် အတွဲ (၂) ကာယလေ့ကျင့်ခန်းများနှင့် Fitness Dance များ စုပေါင်းပြုလုပ်သည်။

ထို့နောက် ပြည်ထောင်စုကွင်း၌ အားကစားပြိုင်ပွဲများဖြစ်သည့် အမျိုးသား လွန်ဆွဲပြိုင်ပွဲ၊ အမျိုးသမီးလွန်ဆွဲ၊ ဆန်ကောရွက်ပြိုင်ပွဲနှင့် အာလူးကောက်ပြိုင်ပွဲ စသည့်ပြိုင်ပွဲများအားကျင်းပရာ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ကြပြီး အားကစားပြိုင်ပွဲများတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆု ရရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် တာဝန်ရှိသူများက ထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**



အလုံမြို့နယ် စောရန်ပိုင်မြောက်ရပ်ကွက်ရှိ ပြည်သူများ၊ ဈေးဆိုင်ခန်းများသို့ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အားလုံးပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကမ်ပိန်းကို ဒီဇင်ဘာ ၂၁ ရက်က ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက "ဒို့အတူတူ မဲပေးကြမယ်" စာသားပါရွေးကောက်ပွဲ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ ယောရော(ပြန်/ဆက်)

## အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများထံ ကွင်းဆင်းစစ်တမ်းကောက်ယူ



**စစ်ကိုင်း ဒီဇင်ဘာ ၂၁** စစ်ကိုင်းမြို့နယ်၌ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည့် နည်းပညာနှင့် သွင်းအားစုများကို ပံ့ပိုးလျက်ရှိရာ ယခုအခါ မြို့နယ်အတွင်းရှိ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် သီးနှံများထဲမှ ပန်းတိုင်ပြည့်မီရန် ကျန်ရှိနေသည့် သီးနှံများအား ပန်းတိုင်ရည်မှန်းချက် ထွက်နှုန်းမပြည့်မီရခြင်း အကြောင်းအရာများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက နယ်မြေကွင်းဆင်း၍တောင်သူများထံမှ စစ်တမ်းများ ကောက်ယူလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တက်ရောက်လာသော တောင်သူများအား ကောက်ယူမေးမြန်းသည့် အချက်အလက်များနှင့် စစ်တမ်းကောက်ယူရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တောင်သူတစ်ဦးချင်း ဖြေကြားထားသည့် အားနည်းချက်၊ အားသာချက်များကို စာရင်းကောက်ယူ၍ စနစ်တကျလိုက်နာသင့်သည့် စိုက်ပျိုးရေး နည်းလမ်းကောင်းများကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မဲရုံများနှင့် မဲရုံတည်ရှိရာ ပတ်ဝန်းကျင်ရှိ လူနေအိမ်များ၊ စက်ရုံအလုပ်ရုံများ မီးလောင်မီးလန့်မှုမဖြစ်စေရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးလဂျွန်း ဦးဆောင်ကြီးကြပ်မှုဖြင့် သန္နေမီးသတ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၁ ရက်တွင် လိုက်လံစစ်ဆေးဆောင်ရွက်စဉ်။ သန်းလွင်ဦး(ပြန်/ဆက်)

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

## တီးတိန်မြို့၌ ယာယီတိုက်ပွဲရှောင်နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်




**တီးတိန် ဒီဇင်ဘာ ၂၁**

ချင်းပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် တီးတိန်မြို့၌ တီးတိန်ခရိုင်နှင့် တီးတိန်မြို့နယ်အတွင်း ယာယီတိုက်ပွဲရှောင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဒေါက်တာ လျန်ဇခုပ်က နိုင်ငံတော်၏ စေတနာအပေါ် လေးစားမြတ်နိုး တန်ဖိုးထားရန် အရေးကြီးကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးအတွက် ရွေးကောက်ပွဲတွင် မိမိ၏ဆန္ဒမဲများသွားရောက်မဲပေးရန်လိုကြောင်း၊ ယခု ယာယီတိုက်ပွဲရှောင် ထောက်ပံ့ပေးအပ်မှုသည် တတိယအကြိမ်မြောက်ဖြစ်ပြီး ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ သုံးလစာအတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ ထောက်ပံ့ပေးကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ အဆိုပါ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် လူဦးရေ ၃၅၂ ဦး အတွက် ငွေကျပ် ၂၁၁၂၀၀၀၀ ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သရက်မြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်

**သရက် ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဖြစ်၍



ရွေးကောက်ပွဲတွင် တာဝန်ယူဆောင်ရွက်ကြရမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအကူများအား ကြိုတင်ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်အတွင်း ရွေးကောက်ပွဲတွင် မဲရုံတာဝန်ထမ်းဆောင်ကြမည့် ပညာရေးဝန်ထမ်းများဖြစ်သည့် ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများသည် မိမိတာဝန်ကျရာနေရာများသို့ တာဝန်သွားရောက်မထမ်းဆောင်မီ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ဆန္ဒမဲများကို အထက(၁) ရာပြည့်ခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီး ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ကြိုတင်မဲများကို ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ စတင်မဲပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လုလင်(သရက်)**

## မအူပင်ခရိုင်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြော

**မအူပင် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေအပြုဖဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအာကာဦးက အီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးပုံအဆင့်ဆင့်ကို အသိပညာပေး ရှင်းလင်းဟောပြောပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်ဌေးဌေးလှက ရွေးကောက်ပွဲ ကာလအတွင်း မိမိတို့အမည်ပါရှိသည့် ရပ်ကွက်၊



ကျေးရွာများ၌ဆန္ဒမဲပေးရမည်ဖြစ်ကြောင်းနှင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မအူပင်ခရိုင်ရုံး၌ ပြသထားသည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို ရှင်းလင်းပြသရာ တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ဒက္ခိဏခရိုင်ပြည်သူ့စာကြည့်တိုက်၌ ရေးသူဖတ်သူ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာကောင်းပေမွန်များ ရွေးချယ်ဖတ်ရှုကာ အတွေးအမြင်များ ဖလှယ်နိုင်စေရန် ရည်ရွယ်၍ စာရေးဆရာမကြီး တင်ရီမ (ညောင်ဦး)ရေးသားသည့်"ဆယ်စုကိုးလီကျော်ခဲ့ပြီ" စာအုပ်ဖြင့် ရေးသူဖတ်သူဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပရာ ဆွေးနွေးပွဲသို့ နေပြည်တော်စာပေဝိုင်း ဂုဏ်ထူးဆောင်နာယက၊ ပခုက္ကူစာပေတစ်သက်တာဆုရှင် စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် စာပေဝိုင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။




ထို့နောက် စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ နေပြည်တော် စာပေဝိုင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များက စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး) ရေးသားသည့် "ဆယ်စုကိုးလီကျော်ခဲ့ပြီ" စာအုပ်ဖြင့် မိမိတို့၏ အတွေး၊ အမြင်၊ ရှုထောင့်အသီးသီးမှ သုံးသပ်ဆွေးနွေးဖလှယ်ခဲ့ကြပြီး တက်ရောက်လာကြသည့် စာရေးဆရာ ဆရာမများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## မြစ်သားမြို့နယ်၌ မဲရုံများပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

**မြစ်သား ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၁ ရက်က မြို့ပေါ်စာသင်ကျောင်းများရှိ မဲရုံတည်နေရာများသို့ကွင်းဆင်းစစ်ဆေးသည်။

မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများသည် ရှမ်းပွဲရပ်ကွက်ရှိ မြို့မ(အထက)၊ ရွှေသူဌေးရပ်ကွက်ရှိ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းနှင့် ဘူတာရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းတို့တွင် မဲရုံအဖြစ် ကျင်းပမည့် စာသင်ကျောင်းများသို့ သွားရောက်ကာ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်၏ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၀ ရက်တွင် မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လှည့်လည်၍ အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်စဉ်။ မောင်မျိုးမင်း



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးသတိမူရေး လိုက်လံဆော်ဩခြင်းများကို ဒီဇင်ဘာ ၂၁ ရက်က မြို့ပေါ်ရပ်ကွက်များရှိလမ်းဆုံ၊ လမ်းခွများ၌ လှည့်လည်ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိုး ဦးဆောင်၍ သန္ဓေငါးဦးက မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် သတိပေးလိုက်လံနှိုးဆော်စဉ်။ မျိုးလှိုင်(တွံတေး)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးနှင့် တတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာနိုင်ရေးတို့အတွက် ဒီဇင်ဘာ ၂၀ ရက်က ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁) ခန်းမ၌ ပခုက္ကူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့်ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲအောင်နှင့် ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုက်ဆိုင်စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ကယ်ရီမောင်



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ မရမ်းကုန်းမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၁ ရက်တွင် ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)

## မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး စစ်ဆေးခြင်းများ ဆောင်ရွက်

**လောင်းလုံး ဒီဇင်ဘာ ၂၁**

လောင်းလုံးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တိုက်ဆိုင်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက လောင်းလုံးမြို့နယ် အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။



ထိုသို့ တိုက်ဆိုင်စစ်ဆေးရာတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာပြီးနောက် မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှုနှင့် ကန့်ကွက်မှုများအား စိစစ်ပြင်ဆင်ပြီး မဲစာရင်း (တတိယ) အကြိမ်ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် နောက်ဆုံးအကြိမ် ကပ်ထား ကြေညာမည်ဖြစ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများ၊ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များက ပူးပေါင်း၍ မဲဆန္ဒရှင်အမည်စာရင်း တိုက်ဆိုင်စစ်ဆေးဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **သိန်းသိန်း(လောင်းလုံး)**

## မိုးနဲမြို့နယ်၌ မဲစာရင်းများမှန်ကန်မှုရှိစေရေး စစ်ဆေးခြင်းဆောင်ရွက်

**မိုးနဲ ဒီဇင်ဘာ ၂၁**

မိုးနဲမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တိုက်ဆိုင်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်ကမ္ဘောဇခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာပြီးနောက် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှုနှင့် ကန့်ကွက်မှုများအား စိစစ်ပြင်ဆင်ပြီး မဲစာရင်း(တတိယ)အကြိမ်ကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် နောက်ဆုံးအကြိမ် ကပ်ထားကြေညာမည်ဖြစ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များက ပူးပေါင်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန



မြို့နယ်ဦးစီးမှူးရုံးမှ e-ID Sever ဖြင့် စစ်ဆေးဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးဌာနမှူး ဦးကျော်ကျော်ခိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးအောင်ကိုကိုဝင်းတို့က ကြည့်ရှုစစ်ဆေးသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## နတ်တလင်းမြို့၌ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး လက်ဝယ်ရရှိစေရန် ဆောင်ရွက်



**နတ်တလင်း ဒီဇင်ဘာ ၂၁**

နတ်တလင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ရရှိစေရန် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်ပေးခြင်းကို နတ်တလင်းမြို့နယ်ရုံး ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ကြိုင်နှင့် ဝန်ထမ်းများက ထိန်သေးကျေးရွာမှ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးနေသည့် ပြည်သူ ၅၃ ဦးအား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## ပန်းလမ်းဖွင့်ချိန်

❋ လသာတုန်း မိုင်းငင်
လုပ်ငန်းခွင် လှတရား၊
ချိန်အခါ ချစ်မြတ်နိုး
ဆိုရိုးစကား။

❋ မိုးရွာတုန်း ထွန်ချ
အံအကျ ဘောင်ဝင်၊
စိုက်ပျိုးရေ ပြယုဂ်မှုန်း
လုပ်ထုံးလုပ်နည်းဆင်။
အကြောင်းကောင်းလို့ အကျိုးကောင်းထင်
ဖြစ်မြဲစဉ် မှန်မလွဲ၊
ချိန်ခါ ရာသီလိုက်
အားစိုက်လို့နွဲ။

❋ အရာရာ အဆင့်ဆင့်
ချိန်ခါချင့် ရွေးဖို့လို၊
ကံဉာဏ် ဝီရိယနဲ့
လုံ့လဖွဲ့ပို။
ဆန္ဒရယ်ချိုချို
မျှကုသိုလ် မူလှရေး၊
သေတပန် သက်တဆုံး
နှလုံးလှဆေး။

❋ အတ္တနဲ့ပရ
သွေးအလှ စီးဆင်းဖြာ၊
အရာရာ ဖြစ်တည်ကိန်း
မယိမ်းစေရာ။
မဇ္ဈိမ ပဋိပဒါ
လမ်းစဉ်သာ လိုက်နာကျင့်၊
ယူအဆ
မူအကျ နည်းမျိုးစုံပေ့ါ
ဉာဏ်ရပ်ဘုံ နယ်တရိုးမှာလ
ဖွံ့ဖြိုးရေး အစီအမံတွေနဲ့
ရှုယ်ရည်သန် ဖွဲ့စိတ်ထမ်းပါလို့
(ခုချိန်မှာလေ) ပန်းလမ်းရယ်ဖွင့်။ ။

*၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုလျက်*

**ဖိုလေးလုံးသောင်းကိုကို**

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ(တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၈ ဒီဂရီဖာရင်ဟိုက်မှ ၅၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၅ ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းနှင့် တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၉ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၁ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ **မိုး/ဇလ**

# တရားမဝင် ခဲသတ္တုများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ခဲသတ္တုတင် မော်တော်ယာဉ်များ၊ ရေနံစိမ်းများ၊ ကုန်ပစ္စည်းတင် မော်တော်ယာဉ်၊ တရားမဝင်သစ်မျိုးစုံ၊ ရေယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်တွင် စစ်ကိုင်းမြို့နယ် စိန်ကုန်းရပ်ကွက် ရွှေလေးကျွန်းဓမ္မာရုံအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက်တွင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အမှတ်(၁)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ မသန့်စင်ရသေးသော တရားမဝင်ခဲသတ္တုပိဿာ ၁၅၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀၀) နှင့် အဆိုပါ ခဲသတ္တုများ တင်ဆောင်လာသည့် Hyundai Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရ လည်းကောင်း၊ ဒီဇင်ဘာ ၁ ရက်တွင် မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၂၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် သာယာဝတီမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂ ရက်နှင့် ၆ ရက်တို့တွင် မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက် မုဒုံ-မော်လမြိုင်သွား ကားလမ်းအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၈၂၀၀၀) ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ရွှေသံလွင် တိုးဂိတ်ဟောင်းအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၄ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၀၇၉၂၀၀) ကို လည်းကောင်း၊ ပေါင်မြို့နယ် ကော့စိုင်ကျေးရွာ၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၉၅၀၀၀)ကို လည်းကောင်း၊ ကျိုက်မရောမြို့နယ် ကော့ပနော ကျေးရွာ၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၄၂၀၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်ကြားကားလမ်းအနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း အမျိုး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၆၆၀၀၀)ကို လည်းကောင်း၊ သထုံမြို့နယ် မိုးကောင်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၀၄၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ပေါ်တော်မူကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၉၆၀၀၀) ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် မုပွန်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၅၆၄၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် မရမ်းကုန်းမြို့နယ် မြန်မာ့စာတိုက်လုပ်ငန်း၌ တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ချောထုပ်တစ်ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀) ကို လည်းကောင်း၊ ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုး၊ လျှပ်စစ်ပစ္စည်း ငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၉၈၂၈၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၄၈၂၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်၊ ဒီဇင်ဘာ ၁ ရက်၊ ၂ ရက်၊ ၆ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၂၆၁၂၄၈၀)ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၀၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်တွင် မင်းဘူးမြို့နယ် အောက်ကျောင်းကျေးရွာ ဧရာဝတီမြစ်ကြောင်းအတွင်း၌ ရေယာဉ်တစ်စင်းပေါ်မှ တရားမဝင် ရေနံစိမ်းရောရာ ဂါလန် ၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် စက်တပ်သစ်သားလှေတစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ ငဖဲမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မြစ်သားမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၄ စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် San Shwe Myint Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၈၉၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၈၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၈၄၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်တွင် မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက် နယ်မြေ(၂၃) အမှတ်(၃၃၀)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၄၈၈၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက်တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၄၄၅၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၇ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ် ကျောက်ချက်ကျေးရွာအနီး ဆိုင်းစုကျေးရွာဆိုင်းစုကွင်းအမှတ်(၇၀၀)၌ တရားမဝင် မြစ်ကျောက်စရစ်ထုတ်ယူသည့် လိုင်စင်ရှိ ရေယာဉ် ၁၀ စင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်

*စာမျက်နှာ ၂၆ သို့*

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဋ္ဌက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၃၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

*စာမျက်နှာ ၂၅ မှ*

တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်နှင့် ၉ ရက်တို့တွင် အမရပူရမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျိုက်မရောမြို့နယ် ကော့ပနော‌ကျေးရွာ၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၄၉၀၀၀) ကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် မုပ္ပလင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၇ မျိုး၊ စားသောက်ကုန်ပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၅၂၈၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၅၀၀၀၀)ကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၄၉၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ကြာပန်းကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၉၅၀၀၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ် ကမာစိုင်ကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၄၅၅၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ် ပေါ်တော်မူဘုရားအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၂၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၆၄၈၀၀) ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကို လည်းကောင်း၊ သထုံမြို့နယ် အောက်ကျင်းရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၁၀၀၀၀) ကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် မလော့ချောင်ကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၁၅၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၀၀၀၀၀)ကို လည်းကောင်း၊ ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်းအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၄၀၀၀) ကို လည်းကောင်း၊ ဘီးလင်းမြို့နယ် ဒုသင်းကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး၊ လျှပ်စစ်ပစ္စည်းအမျိုး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၃၉၆၀၀၀) ကို လည်းကောင်း၊ ဘီးလင်းမြို့နယ် ဘိုးလှကြီးရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၄၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၈၉၆၇၁၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် တာမွေမြို့နယ် ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးဝင်းအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ လှည်းကူးမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၇၉၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၃၇၆) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သဃ်န်းကျွန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၃၁၃၇၆ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း၌ ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် ချောထုပ်တစ်ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၆၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး၊ လျှပ်စစ်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၈၅၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၁၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်၊ ၅ ရက်၊ ၇ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၄၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၃၂၆၆၇၂၈) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် ၂၃-၃-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀နှစ်ထက် မကြီးရ။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဃ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။
(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ ၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။
(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။
(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာများ ခံစားခွင့်ရှိမည်-

| **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **ပေါင်း** |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်(ထိန်းသိမ်းရေး)မှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆင်သေတမံမြေဖို့ခြင်း (တူး/တင်/သယ်)လုပ်ငန်းတင်ဒါနှင့် အဆိုပါလုပ်ငန်းအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် ဌာနမှ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်(ထိန်းသိမ်းရေး) ငွေစာရင်းဌာနစိတ်နှင့် ဖုန်း-၀၉-၅၀၉၆၀၀၁၊ ၀၉-၄၂၁၀၇၀၁၂၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါအဆိုပြုလွှာစတင်ရောင်းချမည့် ရက်/အချိန်** (တည်ဆောက်ရေးပစ္စည်းများအတွက် Profile အထောက်အထားများ တင်ပြရမည်) | - | ၂၃-၁၂-၂၀၂၅ ရက် (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်** | - | ၃၁-၁၂-၂၀၂၅ ရက်၊ ညနေ (၄:၃၀) နာရီ |
| (ဂ) | **နမူနာပစ္စည်းလက်ခံမည့် ရက်နှင့် အချိန်** | - | ၃-၁-၂၀၂၆ ရက် (ရုံးချိန်အတွင်း) |
| (ဃ) | **မြေကြီးလုပ်ငန်းနည်းပညာ အဆိုပြုလွှာ စာအိတ် A နှင့် တည်ဆောက်ရေးပစ္စည်းဈေးနှုန်း အဆိုပြုလွှာဖွင့်ဖောက်စစ်ဆေးမည့် ရက်နှင့်အချိန်** | - | ၆-၁-၂၀၂၆ ရက် နံနက် (၁၀:၀၀) နာရီ |
| (င) | **မြေကြီးလုပ်ငန်းဈေးနှုန်း အဆိုပြုလွှာစာအိတ် B ဖွင့်ဖောက်စစ်ဆေးမည့်ရက်နှင့်အချိန်** | - | ၉-၁-၂၀၂၆ ရက် နံနက် (၁၀ : ၀၀) နာရီ |
| (စ) | **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့် နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ ဘဲကုန်း ဆည်မြောင်းဝင်း၊ ဓမ္မာရုံ။ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ် (၅/ရွှေမင်းဝန်အကွက်)၊ ဦးပိုင်အမှတ် (၂၁/က-၃/၂)၊ ဧရိယာ ၀ ဒသမ ၀၃၀ ဧကရှိ မြေကွက်သည် ဦးမောင်မောင်အေး အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန်ရရှိထားပါသည်။ ဂရန်အမည်ပေါက်သူ ဦးမောင်မောင်အေးနှင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းတို့မှာ ကွယ်လွန်ခဲ့ပြီးဖြစ်၍ သားသမီးများဖြစ်ကြသော ဒေါ်သင်းသင်းနွယ်၊ ဒေါ်ကြည်ကြည်နွယ်နှင့် ဦးဇော်မင်းယုတို့ (၃) ဦးမှ ၁၉-၁၁-၂၀၂၄ ရက်စွဲပါ စာချုပ်အမှတ် (၈၆/၂၀၂၄)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွတ်ဟကြေညာခဲ့ပါသည်။ ဖော်ပြပါမြေနေရာအား အမွေဆက်ခံပိုင်ခွင့်ရရှိသူ ဒေါ်သင်းသင်းနွယ် ပါ (၃) ဦးထံမှ ဦးစိုးသိဟ ၇/ဝမန(နိုင်)၁၄၇၂၅၂ က ၂၇-၁၂-၂၀၂၄ ရက်စွဲပါ စာချုပ်အမှတ်(၁၁၆/၂၀၂၄)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၉)၊ မြေကွက်အမှတ် (၃၆/က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) ရှိ အရပ်အခေါ် အမှတ် (၃၆/က)၊ ဗိုလ်အောင်ကျော်လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော ဦးတင်အောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းကသာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးဆန်နီ ၁၂/အလန(နိုင်)၀၂၄၀၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက် (၃၉၀/၄)၊ စက်မှု (၁) လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ အင်းဝ (၃)လမ်း၊ မြေကွက်အမှတ် (၂၄၄)၊ အကျယ်အဝန်း ဧရိယာ (၂၄၀၀) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ် RC တိုက်၏ စတုတ္ထထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၇ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာအကျိုးခံစားခွင့်ရရှိထားသည့် အခန်းဖြစ်ကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများ ဦးလွမ်းဝေသက် ၁၂/ရပသ(နိုင်)၀၅၃၉၀၈ နှင့် ဒေါ်ကေခိုင်ဇင်မြင့် ၁၂/ဒဂဆ(နိုင်)၀၀၃၀၂၇ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ် LL.B, B.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၉၂)**
**အမှတ် (၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း**
**ဖုန်း-၀၉-၈၈၂၉၃၅၉၉၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၆၃

| | | |
|---|---|---|
| ၁။ ဦးဝင်းအောင် ၂။ ဒေါ်မြတ်နိုးသူ | **နှင့်** | ဦးသန်းမြင့် (၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူ ဦးကျော်ဇင်လတ်) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(ဠ-၈/၂၉)၊ (ဂ)ရပ်ကွက်နေ ဦးသန်းမြင့် ၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ဇင်လတ် (ဘ) ဦးအောင်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးသန်းမြင့် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ဇင်လတ်) သင့်အပေါ်၌ တရားလို ၁။ ဦးဝင်းအောင်၊ ၂။ဒေါ်မြတ်နိုးသူ တို့က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၃)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးသန်းမြင့် အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း(၂၀ x ၆၀)ပေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၆၂

| | | |
|---|---|---|
| ဒေါ်ရန်ကြားလင် | **နှင့်** | ဦးသန်းမြင့် (၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူဦးကျော်ဇင်လတ်) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(ဠ-၈/၂၉)၊ (ဂ)ရပ်ကွက်နေ ဦးသန်းမြင့် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ဇင်လတ်) (ဘ) ဦးအောင်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးသန်းမြင့် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ဇင်လတ် သင့်အပေါ်၌ တရားလို ဒေါ်ရန်ကြားလင်က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၃)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးသန်းမြင့် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ (၂၀ x ၆၀) အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၂၀/ကြခတ္တောအကွက်)၊ ဦးပိုင်အမှတ် (၁၈၆/၆၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေနေရာသည် ဦးစောပန်းရင် အမည်ဖြင့် မြေပေးမိန့်ရရှိထားပါသည်။ မြေပေးမိန့်အမည်ပေါက်သူ ဦးစောပန်းရင် ၃/မဝတ(နိုင်)၀၀၆၁၈၂ မှ လူနေထိုင်ရန် မြေငှားဂရန်(အသစ်) လျှောက်ထားကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(ငါးပါးသီလစာသင်ကျောင်းကွက်)၊ ဦးပိုင် (၅၁၅/က)၊ မြေဧရိယာ ၀ ဒသမ ၀၄၈ ဧက၊ အမှုတွဲအမှတ်၊ ၆၇၀-၅/၂၀၂၂-၂၀၂၃ ဖြင့် ဒေါ်ဖြူဖြူဝင်း ၁၃/လရန(နိုင်)၁၀၁၈၆၅ အမည်ပေါက်ပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတုံဆင်တ ၁၃/လရန(နိုင်)၀၈၄၁၈၄ နှင့် ဒေါ်ဖြူဖြူဝင်း ၁၃/လရန(နိုင်)၁၉၁၅၇၁ ထံမှ မြေဧရိယာ ၀ ဒသမ ၀၄၈ ဧက အနက် မြေဧရိယာ ၀ ဒသမ ၀၂၃ ဧကအား စာချုပ်အမှတ်(၁၆၄၊/၂၀၂၂)ဖြင့် ဒေါ်ထွန်းရီ ၁၃/လရန(နိုင်)၀၅၃၀၁၉ ထံသို့လည်းကောင်း၊ မြေဧရိယာ ၀ ဒသမ ၀၂၅ ကေအား စာချုပ်အမှတ်(၁၆၅၊/ ၂၀၂၂) ဖြင့် ဦးတုံပေါက်ရှင်၊ ၁၃/လရန(နိုင်)၁၁၉၉၃၁ ထံသို့လည်းကောင်း ရောင်းချပြီးဖြစ်ပါ၍ ဒေါ်ထွန်းရီ ၁၃/လရန(နိုင်)၀၅၃၀၁၉၊ ဦးတုံပေါက်ရှင် ၁၃/လရန(နိုင်)၁၁၉၉၃၁ တို့အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာသဖြင့် ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်ဖြူဖြူဝင်း ၁၃/လရန(နိုင်)၁၀၁၈၆၅ အမည်ပေါက် မြေဂရန်အမှုတွဲအမှတ် ၆၇၀-၅/၂၀၂၂-၂၀၂၃ အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်ထွန်းရီ၊ ဦးတုံပေါက်ရှင် အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
## အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄)
## မုံရွာခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၈

| | | |
|---|---|---|
| ဦးဖိုးဆယ် | **နှင့်** | ၁။ ဒေါ်သန်း (၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးရဲဘော်၏ တရားဝင်ကိုယ်စားလှယ်) ၂။ ဦးသိဟ ၃။ ဒေါ်အေးမာစန်း (၂၊ ၃ အယူခံတရားပြိုင်များ၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်အေးမာအောင်) |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်စွဲပါ မုံရွာမြို့နယ် တရားရုံးတော်မှ တရားမကြီးမှုအမှတ် - ၁၁၇/၂၀၁၆ ကို အယူခံမှု။

အယူခံတရားပြိုင်များဖြစ်ကြသော (၁) ဒေါ်သန်း (၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးရဲဘော်၏တရားဝင်ကိုယ်စားလှယ်၊ (၂) ဦးသိဟ၊ (၃) ဒေါ်အေးမာစန်း (၂ ၊ ၃ အယူခံတရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ် ဒေါ်အေးမာအောင်) တောကျောင်းကြီးကျေးရွာ၊ ချောင်းဦးမြို့နယ်၊ မုံရွာခရိုင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် မုံရွာမြို့နယ်တရားရုံးတော်ကချပေးသည့် ဒီကရီကို ဦးဖိုးဆယ်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း၊ ၅ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းရဲသူ)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**မုံရွာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးတောင်ရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက်အမှတ်(၁၄/က+ခ)၊ တတိယထပ်၊ (၄)လွှာ၊ (ခြေရင်းဘက်ခြမ်း) ပေ (၁၉ x ၅၄) အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ခိုင်မာလာဝင်း ၉/မကန(နိုင်)၀၉၇၂၃၁ မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ခင်စောသန်း ၁/မညန(နိုင်)၀၀၁၆၄၀ ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသုထက်ကျော်လွင် (အထက်တန်းရှေ့နေ စဉ်-၄၉၅၀၂/၂၀၁၈)**
**အမှတ် (၃၃)၊ မြသီရိလမ်း၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ - ၉၆၉၆၀၇၀၀၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကောလိယ (၂၆)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၁၇၁/က) ဟုခေါ်တွင်သော ဒေါ်ညွှန့်ညွှန့် (အမည်ပေါက်) နှစ် (၆၀) မြေငှားဂရန်မြေကွက်ပေါ်၌ မြေရှင်နှင့် ကန်ထရိုက်တာများ (၁)ခန်း (၆)ထပ် ကန်ထရိုက်တိုက် ဆောက်လုပ်ရာတွင် (ကန်ထရိုက်တာများ) ရရှိပိုင်ဆိုင်သည့် တိုက်ခန်းများအနက်မှ (၆ လွှာ)၊ ပဉ္စမထပ်၊ အကျယ်အဝန်း (အလျား ၁၈ ပေ x အနံ ၅၄ ပေ)ရှိတိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိကြောင်း ဝန်ခံကတိပြုသူ(ကန်ထရိုက်တာများ) ဖြစ်ကြသော ဦးအေးထွန်း ၁၂/ဥကမ(ပြု)၀၀၀၈၂၅၊ ဦးဇော်မင်းနိုင် ၁၂/ဥကမ(နိုင်)၂၆၁၅၆၇ တို့ထံမှ တိုက်ခန်းအား(ကြိုပွိုင့်) အရစ်ကျစနစ်ဖြင့်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုရွှေရည်လွင်မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချသည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၄၃၆)**
**အမှတ် (၃၁၀)၊ ကျောက်စိမ်းမျတ်ရတနာ (၂) လမ်း၊ ၅၆ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၇၉၅၃၈၁၃၅၇**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2R/5002 ယာဉ်လက်ဝယ်ရှိသူ ဦးရှိုင်းမြတ်ဟိန်း ၃/မဝတ(နိုင်)၀၅၅၁၁၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/3908 NISSAN DIESEL GK4XAB TRACTOR HEAD ယာဉ်လက်ဝယ်ရှိသူ ဦးကျန်ဝမ်ချင်း ၁၃/လရန(နိုင်)၁၀၀၈၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မူဆယ်)မူဆယ်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၂-၂၀၂၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာ(၂၇)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းသီတာစိုး (စဉ်-၁၂၁၀၇)၏ "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း" ခေါင်းစီးအား "အများသိစေရန်ကြေညာခြင်း" ဟု အစားထိုး ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/9482 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက် (၂) ရပ်ကွက်၊ အကွက်အမှတ် (၈/နောင်ဖာဂိတ်အရှေ့)၊ ဦးပိုင်(၂၃-င+ ၂၃-ဆ) ဧရိယာ ၀ ဒသမ ၄၂၇ ဧက၊ အမှုတွဲအမှတ် ၀၃၅-၆-၅/၂၀၂၅-၂၀၂၆ ဖြင့် ဒေါ်နန်းရွှေစိန် ၁၃/တယန(နိုင်) ၀၂၄၅၂၂ မှ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အတွက် စက်မှုစီးပွား မြေငှားဂရန်ရရှိရေး လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တန့်ယန်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၂) ရပ်ကွက်၊ အကွက်အမှတ်(၁၁/ဥယျာဉ် အနောက်)၊ ဦးပိုင်(၈၄)၊ ဧရိယာ ၀ ဒသမ ၃၁၇ ဧက၊ အမှုတွဲအမှတ် ၁၅၈-၆-၅/၂၀၀၁-၂၀၀၂ (အေ)ဖြင့် ဒေါ်အေးဆိုင်နွမ်းမှ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းမှ ဦးအိုက်ထွန်းသို့ လွှဲပြောင်းရောင်းချပေးခဲ့ပြီး နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများ ရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တန့်ယန်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၂)ရပ်ကွက်၊ အကွက်အမှတ် (၁၀/ဥယျာဉ်)၊ ဦးပိုင် (၃၈/ က)၊ ဧရိယာ ၀ ဒသမ ၃၉၅ ဧက၊ အမှုတွဲအမှတ် ၀၄၃-၆-၅/၂၀၁၆-၂၀၁၇(အေ) ဖြင့် ဒေါ်နန်းခမ်းအေး ၁၃/လရန(နိုင်)၀၈၄၅၄၃ မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အနာဂတ်သစ် အမည်ဖြင့် ပုဂ္ဂလိကအခြေခံပညာကျောင်း ဖွင့်လှစ်ရန်အတွက် စက်မှုစီးပွား မြေငှားဂရန်ရရှိရေး လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တန့်ယန်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၂)ရပ်ကွက်၊ အကွက်အမှတ် (၁၀/ဥယျာဉ်)၊ ဦးပိုင် (၄၆)၊ ဧရိယာ ၀ ဒသမ ၄၅၉ ဧက၊ အမှုတွဲအမှတ်၊ ၀၃၈-၆-၅/၂၀၁၆-၂၀၁၇(အေ) ဖြင့် ဒေါ်နန်းခမ်းအေး ၁၃/လရန(နိုင်)၀၈၄၅၄၃ မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အနာဂတ်သစ် အမည်ဖြင့် ပုဂ္ဂလိကအခြေခံပညာကျောင်း ဖွင့်လှစ်ရန်အတွက် စက်မှုစီးပွား မြေငှားဂရန်ရရှိရေး လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တန့်ယန်းမြို့**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ်-၁၀၁၁

ဒေါက်တာဇော်နိုင်အောင် နှင့် ၁။ ဒေါ်ကြူကြူ
၂။ ဦးဇော်လွင်

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၉၈/၂၀၂၅ ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါအမိန့်ကို ပြင်ဆင်မှု လျှောက်လွှာနှင့် ပတ်သက်၍ တောင်ကြီးမြို့၊ ထူပါရုံဘုရားအနီး၊ (၃)လမ်း၊ မောင်းတိုင်(၂) ကွက်သစ်ရပ်နေ လျှောက်ထားခံရသူ အမှတ် (၁) ဒေါ်ကြူကြူ မကွေးမြို့၊ မြင်သာရပ်ကွက်၊ ၂၅ လမ်း၊ အမှတ်-H-၃၈ နေ လျှောက်ထားခံရသူ အမှတ်(၂) ဦးဇော်လွင် (ယခုလိပ်စာမသိသူများ)တို့ သိစေရမည်။

ဤအမှုတွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်မိမိခင်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်)နံနက် ၁၀ နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( တင်မေလတ် )
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် - ၅၊ နည်းဥပဒေ -၂၀)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၄၁

ဦးဟန်နောင်ဇော် နှင့် ဦးလှကြည်(ခ)လှကျော်

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ် (ဘဘ-၃) နေ ဦးလှကြည်(ခ)လှကျော် (ဘ)ဦးအောင်မြတ် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဟန်နောင်ဇော်က မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ- ၇)၊ ဦးပိုင်အမှတ်(၁၃)၊ ရေိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ ဦးလှကြည် အမည်ပေါက်ဂရန် မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် (၁)စာချုပ်စာတမ်း များနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သဲမာဖြိုးဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ -၂၀)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၄၄

မနှင်းအိဖြူ နှင့် ဒေါ်ခင်မေကြူ (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်သန်းရွှေ )

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၁၀)နေ ဒေါ်ခင်မေကြူ (ဘ)ဦးကာစင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်သန်းရွှေ ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မနှင်းအိဖြူက မန္တလေးမြို့၊ ပြည်ကြီး တံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ - ၈)၊ ဦးပိုင်အမှတ် (၇၀)၊ ရေိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ ဒေါ်ခင်မေကြူ အမည်ပေါက်ဂရန် မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလို ကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့ လျှင်သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် (၁) စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( သဲမာဖြိုးဦး )
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွင်းဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်းလက်အောက်ရှိ (ကယား၊ ချင်း၊ ရှမ်း-မြောက်၊ ရခိုင်၊ တနင်္သာရီ၊ စစ်ကိုင်း)မပါ တိုင်းဒေသကြီး/ပြည်နယ်ရုံး (၁၀)ခု အောက်ရှိ မြို့နယ်ရုံးများ၏ ငွေကောက်ကောင်တာများတွင် အသုံးပြုရန်အတွက် လိုအပ်သော Note Counting Machine (Desktop Type) 40 Nos ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေ(Kyat) ဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၂၅ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁-၂၀၂၆ ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုသတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ -၂၀)

ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၅၇

ဒေါ်နန်းခမ်းစိန် နှင့် ဒေါ်အေးအေးမိ

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ သ-၂/၃၃ နေ ဒေါ်အေးအေးမိ (ဘ) ဦးထွန်းရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်အေးအေးမိ သင့်အပေါ်၌ တရားလို ဒေါ်နန်းခမ်းစိန်က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ (ဆ)ရပ်ကွက် ၊ အကွက်အမှတ် (ဓဓ-၁၆)၊ ဦးပိုင်အမှတ် (၄၀)၊ ရေိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေးမိ အမည်ပေါက်ဂရန် မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၃၀x ၄၀) အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁ )
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## Notice in relation to the share capital reduction of SHYANG PENG CHENG COMPANY LIMITED

**(Company Registration Number: 104373062)**

Notice is hereby given that regarding the share capital reduction of **SHYANG PENG CHENG COMPANY LIMITED**, a resolution was successfully passed during the General Meeting of Shareholders held on 18 December 2025. Pursuant to the meeting resolution, the share capital of the Company shall be reduced from **43,973,850 USD** to **37,646,361 USD.**

LIN KUAN HONG
Director
For and On Behalf of
SHYANG PENG CHENG COMPANY LIMITED

## ဒေါ်ဂင်ခင်ကိတ်(ခ) ဒေါ်ဝါဝါဝင်းနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ Garden City Condo နေ ဦးသိန်းဝင်း (ဘ)ဦးအေးမောင် ၁၂/မဂတ(နိုင်)၀၄၃၅၉၃ ၏ လွှဲအပ်ညွှန်ကြား ချက်အရ ဒေါ်ဂင်ခင်ကိတ်(ခ)ဒေါ်ဝါဝါဝင်းနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ဂင်ခင်ကိတ်(ခ)ဒေါ်ဝါဝါဝင်း (ဘ)ဦးတလန်ဇလော်လ် ၅/ကလတ (နိုင်)၀၈၈၉၂၇ ၏ ကြေညာချက် ဦးသိန်းဝင်း၏ ပြောကြားချက်အရ ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။ ဦးသိန်းဝင်းနှင့် ဒေါ်ဂင်ခင်ကိတ်(ခ) ဒေါ်ဝါဝါဝင်းတို့သည် ၁၉၉၄ ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့သည်မှာ မှန်ကန် သော်လည်း ၂၀၂၂ ခုနှစ်မှစ၍ ဒေါ်ဂင်ခင်ကိတ်(ခ)ဒေါ်ဝါဝါဝင်းနှင့် ဦးသိန်းဝင်း တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်၍တစ်အိုးတစ်အိမ်တည်းအတူတကွ ပေါင်းသင်းနေထိုင်ခြင်းမရှိသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ဂင်ခင်ကိတ်(ခ)ဒေါ်ဝါဝါဝင်း နှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေးစသည့် ကိစ္စအဝဝတို့သည် ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးသိန်းဝင်းနှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း ဒေါ်ဂင်ခင်ကိတ်(ခ)ဒေါ်ဝါဝါဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ပေရယ်ခိုင် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၁၅/၁၆)**
**ပန်းခင်း(၂) လမ်း၊ ပျဉ်းမနားမြို့။**

**ဒေါ်ယမင်းစန္ဒာမြတ် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၂၄၉၀/ ၂၀၂၀)**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**

## လျှုဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ရွှေကျောင်းတော်ကြီးပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူမည်ဖြစ်ပါသဖြင့် ရွှေချိန်(၁)ကျပ်၊ ၈ ပဲသားရှိ **“(၉) လက်မပတ်လည်”** ရွှေစင်ရွှေပြား (၁)ချပ်လျှင် ကျပ်သိန်း(၉၀)နှုန်းဖြင့် အလှူရှင်ကမ္ဘည်းရေးထိုး၍ လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် - ဖုန်း - ၀၉-၇၉၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃**

**မဟာမုနိဂေါပကအဖွဲ့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )

ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅၆

ဦးစိုင်းသာထွန်း နှင့် ဒေါ်အေးအေးမိ

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ သ-၂/၃၃ နေ ဒေါ်အေးအေးမိ (ဘ) ဦးထွန်းရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်အေးအေးမိ သင့်အပေါ်၌ တရားလို ဦးစိုင်းသာထွန်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၆) ဦးပိုင်အမှတ် (၄၀)၊ ရေိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေးမိ အမည်ပေါက်ဂရန် မြေကွက်၏ အနောက်ဘက်ခြမ်း (၃၀ x ၄၀)ပေအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်၊ (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်း မြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ရောင်ခြည် သစ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မနဒီလှိုင်၏ ဖခင် အမည်မှန်မှာ ဦးတက်တိုး ၈/စလန (နိုင်)၀၇၀၆၇၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်း မြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ရောင်ခြည် သစ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မအေးချမ်းပြည့်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလတ် ၈/စလန(နိုင်)၀၇၅၄၂၆ ဖြစ်ပါ ကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးထွန်းအောင် ၁၄/မမန(နိုင်) ၃၄၇၀၈၀ ၏ ဖခင်အမည်မှာ ဦးတင်ဦးနှင့် ဦးတင်ဦး(ခ)ဂနီဟု အမည်နှစ်မျိုး ဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်တည်း ဖြစ်ပါကြောင်း။

**ဦးထွန်းအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်ချောစုဝင်း ၉/မတရ(နိုင်) ၁၈၉၅၂၅ ၏ ဖခင်အမည်မှာ ဦးသိန်းထိုက်ဝင်းနှင့် ဦးသိန်းထိုက်ဝင်းဟု အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**ဒေါ်ချောစုဝင်း**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/2079 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရေဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ကဇင်ငူကျေးရွာနေ ဦးချစ်ကိုကို-ဒေါ်နော်အေးမြကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်းအကြောင်းကြားသိစေအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေတို့၏ သားဖြစ်သူ စထူးအယ်လင်း ၁၄/ပတန(နိုင်)၂၉၃၆၇၅ သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကျော့ကေခိုင်စိုး (LL.B)(CBL) (WIPO Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၀၉၇)**
**အမှတ်(၁၀)၊ ဇောဓိလမ်း၊ အနောက်ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့၊**
**ရေဝတီတိုင်းဒေသကြီး**

## အမည်ပြောင်း

မြင်းခြံမြို့၊ နယ်မြေ(၁၅)၊ အမှတ် ၂/၄၀၀ နေ ဦးကျော်ထွေး ၉/မခန(နိုင်) ၁၈၇၇၈၅-ဒေါ်ဆွေဖူးငြိမ်း ၉/မခန (နိုင်)၁၆၃၀၆၉ တို့၏သား မောင်မင်း သခင်အား ယနေ့မှစ၍ မောင်မင်း သွေးကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းသွေးကျော်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၂-၂၀၂၅ ရက် မြန်မာ့အလင်းစာ မျက်နှာ (၂၈) ပါ GUARDIAN ကိုယ်ပိုင်မူလတန်း ကျောင်းပိုင်ရှင် အမည်ပြောင်း၌ ကျွန်မ ဒေါ်ဗန်လာရွေး ၅/ကလထ(နိုင်)၀၇၈၀၆၀ အား ၇/ကတခ (နိုင်)၀၇၈၀၆၀ ဟု ပြင်ဆင်ဖတ်ရှု ပါရန်။

**ဒေါ်ဗန်လာရွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၂၂၄၈၁ EVER SUPER 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၅/ကလထ(နိုင်)၁၆၄၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 17W/46938 ယာဉ် လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၈/စလန(နိုင်)၁၁၈၇၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၇၉၁၆၉ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၅/ဝလန(နိုင်)၀၇၆၈၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူရ ဦးသောင်းလွင်၊ ဒုတိယဝန်ကြီး(ငြိမ်း)၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အသက် (၈၀) နှစ် သည် ရန်ကုန်မြို့တွင် ၂၀-၁၂-၂၀၂၅ ရက် (စနေနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထား နှင့် အရာထမ်း၊ အမှုထမ်းများ**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယကာကြီး ဦးစိန်တူ(စဥ့်ကူး) အသက်(၈၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့နယ်၊ ခက်သင်ကျေးရွာနေ (ဦးဘကြီး-ဒေါ်ဒေါင်းခင်)တို့၏သား၊ ဒေါ်မြသီ (အ.ထ.ပြ-ငြိမ်း)(အ.ထ.က-စဥ့်ကူး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်ဌေး-ဒေါ်ခင်နှင်းနု၊ ဒေါ်သက်သက်ခိုင်၊ ဦးကျော်သူ-ဒေါ်ဇင်မာဦး၊ ဦးစံမင်းထွန်း-ဒေါ်လှိုင်သဇင်၊ ဦးကြည်မင်းဟန်-ဒေါ်မေသဇင်စိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး (၁၀) ယောက်တို့၏အဘိုးဖြစ်သူ နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ရွှေနှင်းဆီ ၃ လမ်းနှင့် စန္ဒာလမ်းထောင့်၊ အမှတ်(ဒ-၃၁၅၃၁)၊ 'သုခမြိုင်' နေ ဦးစိန်တူ(စဥ့်ကူး)သည် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်)၊ ၂၁-၁၂-၂၀၂၅ ရက် (တနင်္ဂနွေနေ့)နံနက် ၇:၃၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၂-၁၂-၂၀၂၅ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၂၅ရက်(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဒက္ခိဏသီရိမြို့၊ 'သုခမြိုင်' နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (၅၉၀/၁)၊ ဦးပိုင်အမှတ် (၂-က)၊ ဧရိယာ (၃ဒသမ၉၂၅)ဧကနှင့် ဦးပိုင်အမှတ် (၂-ခ)၊ ဧရိယာ (၁ ဒသမ ၆၀၈) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ် (၁)၊ အလွှာ (၆)၊ အခန်းအမှတ် (၆၀၃)၊ (၆၀၅) စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသူ ဦးနော်ဒီး (ဘ) ဦးကရိန်နော် ၁/မကန (နိုင်) ၀၁၇၆၂၁ ထံမှ ဒေါ်မြမြစိမ်း (ဘ) ဦးချွမ်ရှန်ကျိန် (ခ) သိန်းအောင် ၁/မကန (နိုင်) ၀၀၀၁၁၉ မှ အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်ရည်ဦး (ခ) ချောချော**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၈၉၉၉)**
**လမ်း ၆၀၊ ၂၇ x ၂၈ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ ဇေယျာဝတီ(၁)လမ်း၊ မြေကွက်အမှတ် ၂၅၁၃/ခ+၂၅၁၆/က၊ ဦးတင်ဝင်း ၁၂/သကတ(နိုင်)၀၆၄၈၈၄နှင့် ဒေါ်မူမူ ၁၂/သကတ(နိုင်)၀၆၄၈၈၃တို့ အမည်ပေါက်သည့် နှစ် (၆၀) မြေငှားဂရန် မြေအကျယ် (ပေ ၄၀x ပေ၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ကန်ထရိုက်တာ အကျိုးခံစားခွင့်ရရှိသည့် (ပထမထပ်)ဒုတိယအလွှာ၊ အကျယ် (မျက်မြင်အတိုင်း)ရှိသည့် တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကန်ထရိုက်တာ ဦးသန်းလွင် ၁၂/ဥကမ(နိုင်)၁၇၄၂၃၅ မှ ၎င်းသာလျှင်လက်ရှိထားပိုင်ဆိုင်ကြောင်း၊ လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သိန်းကြည်(Q/RGN-၀၀၆၂၅၄) နှင့် ဒေါ်စိုးသိန်း (Q/RGN-၀၁၀၃၂၁)မှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တရားဝင် စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာမျိုး(LL.B)**
**(စဉ်-၂၀၀၄၅/၁၇-၁၂-၂၀၂၅) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်-၈၉၉၊ မြင်တော်သာလမ်းမကြီးနှင့် မြို့မ(၁၅)လမ်းထောင့်၊**
**၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၂၀၀၈၀၅၂၁၊ ၀၉- ၄၄၃၁၆၇၈၁၅**

## အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဇိုင်း/တောင်ရပ်ကွက်၊ သံလမ်း၊ အမှတ်(၁၅၈)နေ (ဘ) ဦးကျော်ဇေယျ- (မိ) ဒေါ်နှင်းနွယ်စိုး တို့၏သား မောင်ရဲရင့်ဟိန်း (၇/ပခန(နိုင်)၅၁၆၁၁၆) သည် (၁၈-၁၂-၂၀၂၅)ရက်တွင် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**(ဘ)ဦးကျော်ဇေယျ-(မိ) ဒေါ်နှင်းနွယ်စိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း ဒေါ်ခင်ထွန်း လူထုပညာရေးမှူး၊ အပါတ်စဉ် (၄) အသက် (၁၀၁) နှစ်

ပေါင်းတည်မြို့၊ အမှတ်(၃၃)၊ အရှေ့လမ်းနေ ဦးရဲအောင်ထွန်း - ဒေါ်သိန်းသိန်းရွှေတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ခင်ထွန်းသည် ၁၉-၁၂-၂၀၂၅ ရက် (သောကြာနေ့) နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း**
**ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၈) မိသားစု**

## ဘုရား၊ ကျောင်း၊ သိမ် ဒါယကာကြီး ဦးမြင့်စိုး(စိန်ပေါလ်ကျောင်းသားဟောင်း) ရှေ့နေ(DBL,DML,DIL,DLIS),B.A(History) တိုင်းရင်းဆေးသမားတော်ကြီး(တဆ-၅၁၂၉) အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၂၁)နေ ဇေယျကျော်ထင်(ဗိုလ်မှူးကြီးထွန်းတင်)နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်-လျှပ်စစ်ဥက္ကဋ္ဌဟောင်း)-(ဒေါ်ခင်ကြည်) တို့၏သား၊ (ဦးတင်အေး)ကံမမြို့-(ဒေါ်တင်ရွှေ)ကံမ/သရက်တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖ.ဆ.ပ.လ ရပ်ကွက်၊ တိုက်ဟောင်း (၇)၊ အခန်း (၄)နေ ဒေါ်ခင်ဌေးဝင်း S.A.T(ထ.၁၊ ဒဂုံ)ငြိမ်း၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်ခိုင်စိုး၊ မောင်အောင်ဇင်စိုး(Adika)-မအိအိမော်၊ မောင်မင်းမင်းစိုး-မယဉ်ဝင်းစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး (၃) ယောက်တို့၏ အဘိုး ဦးမြင့်စိုး သည် ၁၉-၁၂-၂၀၂၅ ရက် (သောကြာနေ့)ည ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၂၅ ရက်(စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၂၅ ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ Infinity Condo၊ တိုက်အမှတ်(၇၇)၊ Tower(A)၊ အခန်းအမှတ်(A-11-07)၊ အကျယ်အဝန်း(၁၃၀၇) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ကားပါကင် B-211တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို KHG Development Company Limited ထံမှ (၁-၅-၂၀၁၉)ရက်စွဲပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်လွင်လွင်ထူးအောင် (၁၂/လမန(နိုင်)၁၃၈၅၂၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B)(စဉ်-၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉- ၅၁၈၃၅၆၉၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉- ၉၅၅၃၅၅၃၅၄**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ အောင်မင်းခေါင်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (II/ခနိတော)၊ ဦးပိုင်အမှတ် (N ၉၁ + ၂၃၅-ဂ)၊ ဧရိယာ (၀ ဒသမ ၁၀၂) ဧကရှိ မြေကွက်အား ဦးမင်းမင်း ၁၄/ဖပန(နိုင်)၁၀၁၂၂၆ မှ ၎င်း၏အမည်ဖြင့် မြေငှားဂရန် သက်တမ်းတွင်း၊ ဦးပိုင်ပေါင်းလျှောက်ထားလာခြင်းဖြစ်သဖြင့် မြေငှားဂရန်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူရှိပါက အကျိုးအကြောင်း ခိုင်လုံသော သက်သေအထောက်အထား အပြည့်အစုံဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျာပုံမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/7926 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တမူးခရိုင်၊ တမူးမြို့၊ ဈေးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁-က/စန္ဒကူးပြင်)၊ ဦးပိုင်အမှတ် (၁၄၃)၊ မြေအမျိုးအစား (မြို့မြေ-I)၊ ဧရိယာ(၀.၂၁၈)ဧကရှိ မြေကွက်အား ဒေါ်လက်ချိမ်းအမည်ဖြင့် (၁၀) နှစ် မြေငှားဂရန် ခွင့်ပြုချထားပေးခဲ့ရာ မြေငှားဂရန်မူရင်းမှာ နေအိမ်အပြောင်းအရွှေ့ပြုလုပ်စဉ် အမှန်တကယ် ပျောက်ဆုံးသွားကြောင်း သက်ဆိုင်ရာအထောက်အထားများနှင့်အတူ တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်မိတ္တူကူးယူခွင့်လျှောက်ထားလာခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**တမူးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တမူးခရိုင်၊ တမူးမြို့၊ ဈေးတန်းရပ်ကွက်၊ ကွင်း/ အကွက်အမှတ်(၂၈/မင်းတရပ်)၊ ဦးပိုင်အမှတ်(၁၃၇)၊ မြေအမျိုးအစား (မြို့မြေ-I)၊ ဧရိယာ(၀.၀၆၁)ဧကရှိ မြေကွက်အား ဒေါ်တင်ဝင်းအမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ခွင့်ပြုချထားပေးခဲ့ရာ ဒေါ်တင်ဝင်းသည်(၁၀-၉-၂၀၀၅)ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်တင်ဝင်း၏ တရားဝင်ခင်ပွန်းဖြစ်သူ ဦးချစ်ဝင်း အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး/အမည်ပြောင်းလဲခွင့်ပြုပါရန် သက်ဆိုင်ရာအထောက်အထားများနှင့်အတူ တင်ပြလာသဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း တမူးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်သက်တမ်းတိုး/ အမည်ပြောင်းလဲခွင့်လျှောက်ထားလာခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**တမူးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ဒေါ်သီသီ အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း၊ အမှတ်(၂၃/၂၅)၊ B-5 နေ (ဦးကျော်လင်း+ ဒေါ်သောင်းကြည်) တို့၏သမီး၊ (ဦးဟုန်ဖတ်+ဒေါ်လှသိန်း)တို့၏သမီးချွေးမ၊ ဦးမောင်မောင်၏ဇနီး၊ Capt. ဦးရဲအောင်နိုင်+ဒေါ်မြမြင့်မို၊ C/O ဦးကျော်ကျော်ဦး+ဒေါ်ခိုင်ခိုင်မြင့်၊ Capt. ဦးတင်နိုင်ကျော်+ဒေါ်ဥမ္မာမြင့် တို့၏မွေးသမိခင်၊ မောင်သူမြတ်နိုင်+မဝင်းသန္တာစိုး၊ မဝင့်သီရိခိုင်၊ မောင်ဟယ်ရီသုတ၊ မောင်ရန်မျိုးအောင် တို့၏အဘွားသည် ၂၁-၁၂-၂၀၂၅ ရက် (တနင်္ဂနွေနေ့)တွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၂၅ ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၂၅ရက် (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ သီတာရေစင်လမ်း၊ အမှတ် (၅၉၈)၊ အကျယ်အဝန်း (၄၀ x ၆၀ )ပေ မြေကွက် ပေါ်တွင် ဆောက်လုပ်ထားသော ၃ ခန်းတွဲ (၅)ထပ်တိုက် အဆောက်အအုံရှိ ၄-လွှာ (ညာဘက်စွန်း) အခန်း၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နန်းကလျာဝင်း ၁၃/ပလန(နိုင်)၀၃၆၇၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မီမီဇင်ထွန်း ၁၂/သဃက(နိုင်)၁၆၅၈၄၄ က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၄)**
**အမှတ် (၁၁၇/၂၇)၊ H-3၊ ၃-လွှာ၊ ၃၃ လမ်း(အလယ်ဘလောက်)၊**
**(၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၅၄၅၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ လူနေရပ်ကွက်အမှတ် (၈)၊ ရွှေအုတ်ဂူ (၆) လမ်း၊ မြေကွက်အမှတ် (၆၅၆/ခ)၊ ဂရန်အမည်ပေါက် ဦးသန်းမြင့် ၁၂/သကတ(နိုင်) ၁၁၅၆၅၂ နှင့် ဦးသန်းစိုး ၁၂/သကတ(နိုင်) ၀၇၈၅၈၈ တို့ နှစ်ဦးပိုင်ဆိုင်ကြသည့် (အလျား ပေ၂၀ x အနံ ပေ ၆၀) ရှိသော အိမ်ခြံမြေအား ဦးသန်းမြင့်မှ ခေါင်းရင်းဘက်အခြမ်း (အလျား ၁၀ ပေ x အနံ ပေ ၆၀)ကို ပိုင်ဆိုင်ပြီး ဦးသန်းစိုး ၁၂/သကတ(နိုင်)၀၇၈၅၈၈ မှ ခြေရင်းဘက်အခြမ်း (အလျား ၁၀ပေ x အနံ ပေ ၆၀)ကို အသီးသီးခွဲဝေယူ ပိုင်ဆိုင်ကြပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခေါင်းရင်းခြမ်းပိုင်ရှင်ဖြစ်သည့် ဦးသန်းမြင့်သည် ကွယ်လွန်သွားပြီဖြစ်သည့်အတွက် ဦးသန်းမြင့်၏ တရားဝင်သားသမီးများ ဖြစ်ကြသည့် (၁) ဒေါ်ဝင်းမေစိုး ၁၂/သကတ(နိုင်) ၁၂၁၈၀၉ (၂)ဦးကျော်ဌေး ၁၂/သကတ(နိုင်)၁၃၁၇၃၄ (၃) ဦးကျော်ထိုက် ၁၂/သကတ(နိုင်)၁၃၃၅၉၆ (၄)ဒေါ်အေးဝင်း ၁၂/သကတ(နိုင်)၁၈၉၁၂၇ တို့က မိမိတို့ သာလျှင် တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိနေသည့် သာကေတ (၈) ရပ်ကွက်၊ ရွှေအုတ်ဂူ (၆) လမ်း၊ အမှတ် (၆၅၆/ခ) (၁၀ x ၆၀ )ပေ ရှိသော ခေါင်းရင်းဘက်အခြမ်း အိမ်နှင့်မြေကိုဂရန်မူရင်းနှင့်တကွ အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းကို ဝန်ခံကတိပြုပြောဆိုကြသဖြင့် အဆိုပါ မြေကွက်နှင့်အိမ်အား အပိုင်လက်ဝယ်ထားရှိရန်အတွက် ဝယ်ယူသူမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်သန်းသန်းဌေး ၁၂/သကတ(နိုင်) ၀၅၂၈၉၀**
**ဖုန်း-၀၉-၄၂၁၀၀၀၇၅၂**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃) ကျောက်ဆည်ခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇၆ ကွယ်လွန်သူ ဒေါ်တင်လှိုင်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ငါးဆူကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်တင်လှိုင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးညိမ်း က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်လှိုင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်)နေ့၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးညိမ်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးဝင်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းအုပ်စု သဲဖြူကျေးရွာနေ ဆလိုင်းမျိုးဇင်ထွန်း ၈/တတက(နိုင်)၂၉၇၅၉၁ ၏ မိဘအမည်မှန်မှာ ဦးဆန်းဝင်း ၈/တတက(နိုင်)၂၉၃၉၆၉ နှင့် မိုင်ဝင်းမာချစ် ၈/တတက(နိုင်)၀၈၈၇၀၀ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက (ခွဲ) ခမွန်ကျောင်းမှ မူပြ ဆရာမ ဒေါ်ခင်အုံးမြင့် ၇/ကဝန(နိုင်) ၀၅၀၄၂၉ ၏ အမည်မှန်မှာ ဒေါ်ခင်အုန်းမြင့် ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးအုန်းညွန့် ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4I/2030, Toyota Belta NCP-96 Saloon (4X4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရဲထွန်း ၉/မမန(နိုင်) ၀၁၀၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## မွေးသက္ကရာဇ်အမှန်

ပျဉ်းမနားမြို့၊ အထက (၃) Grade-(10) (C) တွင် ပညာသင်ကြားနေသော မောင်ရဲဝင့်မောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၆-၂၀၀၉) ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလှဌေး ၁၄/အဂပ(နိုင်)၁၆၇၃၅၀ ပိုင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် သစ်တောဦးစီးမှူးရုံး၏ မီးသွေးဘေလ်ပြေစာအမှတ် ၁၁/၁၆၅၉ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၂၉၆၉၅၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/84066, Taryan-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစွမ်းထက် ၅/စကန(နိုင်)၂၀၂၃၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/73190, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသ ဦးဇင်ကိုကိုပိုင် ၁၄/ပသန(နိုင်) ၃၂၀၈၆၆ က ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

သင့်သွေးဖြင့် အသက် ကယ်ပါ

❖ **NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ရည်ရွယ်ချက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေး၊ ရသင့်ရထိုက်သောတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ဒီမိုကရေစီအရေးအတွက်ပဲဖြစ်ပါတယ်။ . . .**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၄၈၅ လုံး စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီး




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေအပိုင်း ၃ မှ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုပြမြေပုံ။

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❑

## ထူးခြားသည့် ညအပူချိန်များ

(၂၁-၁၂-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါးမြို့ | ၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့(ရှမ်း/တောင်) | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုးမြို့ | ၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့ | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်းမြို့ | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအိုမြို့ | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်းမြို့ | ၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

## အာဆင်နယ်က အဲဗာတန်ကို အနိုင်ရပြီး အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ် (၁၇) မှ ဒီဇင်ဘာ ၂၁ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန်နှင့် အာဆင်နယ်အသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက အကြိတ်အနယ်ကစားကာ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို နှစ်မှတ်အသာဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

အဲဗာတန် အသင်းသည် အာဆင်နယ်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့သော်လည်း

*စာမျက်နှာ ၁၇ ကော်လံ ၁* ❍




အဲဗာတန်အသင်းဘက်သို့ အာဆင်နယ်တိုက်စစ်ကစားသမား ယိုကာရက်စ် ပယ်နယ်တီသွင်းယူစဉ်။

**ယနေ့ သတင်းအညွှန်း**

**အာကာသနည်းပညာကုမ္ပဏီက ဘီးတပ်ကုလားထိုင် အသုံးပြုသူတစ်ဦးကို ပထမဆုံးအကြိမ် အာကာသသို့ပို့ဆောင်**

နိုင်ငံတကာသတင်း စာ ၁၄

**တရားမဝင် ခဲသတ္တုများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ခဲသတ္တုတင်မော်တော်ယာဉ်များ၊ ရေနံစိမ်းများ၊ ကုန်ပစ္စည်းတင် မော်တော်ယာဉ်၊ တရားမဝင်သစ်မျိုးစုံ၊ ရေယာဉ်များ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၂၅